# ကြေးမုံ

The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့၊ (23-3-2016) (၈၅၁၄)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပါကစ္စတန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် မတ် ၂၃**

၂၀၁၆ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန် အစ္စလာမ္မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မမ်နွန်ဟူစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၆ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန်အစ္စလာမ္မစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မူဟာမက်နာဝပ်ဖ်ရှာရစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ

## ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးနှင့် ဘိုအောညီလာခံ တက်ရောက်မည်

**စန်းယ မတ် ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အဖွဲ့ဝင်များနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘိုအောမြို့တွင်ကျင်းပမည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးအစည်းအဝေးနှင့် အာရှဒေသဆိုင်ရာ ဘိုအောညီလာခံသို့တက်ရောက်ရန် အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာချန်းချန်းတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဦးသန့်ကျော်၊ ဦးခင်ဇော်၊ ဦးဇင်ယော်၊ ဒေါက်တာ ပွင့်ဆန်းနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နယ်ပြည်နယ် စန်းယမြို့သို့ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ တရုတ်နိုင်ငံ သံအမတ်ကြီးဟောင်း မစ္စတာကွန်မြူး၊ ဟိုင်နယ်ပြည်နယ် စန်းယမြို့ ဒုတိယမြို့တော်ဝန် မစ္စတာဝူဖန်းနှင့် တာဝန်ရှိသူများက စန်းယလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်လာသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခဲချန်က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူမှ အဆိုပြုထားသည့် ပြည်ထောင်စုဝန်ကြီး ၁၈ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြ

စာမျက်နှာ - ၇




**Enjoy Dry Pants**

ISO 9001:2008 ရရှိထားသော အရည်အသွေးမြင့်မားပြီး ဈေးနှုန်းသက်သာသည့် ဗီယက်နမ်နိုင်ငံထုတ် Enjoy Dry Pants များကို တပ်မတော်ခန်းမ Kids Fair 2016 တွင် တခဲနက် ဝယ်ယူအားပေးခဲ့ကြသည့် သုံးစွဲသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ စတင် ဖြန့်ဖြူး ရောင်းချလျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။



Authorised Distributor : Oriental Aspiration Co.,Ltd
Address : No 504-506, Ground Fl, Corner of Merchant Rd and 39th St, Kyauk-ta-da Tsp, Yangon, Myanmar.
Phone : 01 381175, 01 398481

**ကြေးမုံ စာတည်းရှုထောင့်** — ၂၃-၃-၂၀၁၆၊ ဗုဒ္ဓဟူးနေ့

# ရိုးရာမပျက်ဆင်နွှဲရမည့် အချိန်ခါ

နှစ်သစ်ကူးသင်္ကြန်ကာလသည် မြန်မာတို့အတွက် ပျော်ရွှင်ဖွယ် အကောင်းဆုံး ရိုးရာဓလေ့ပွဲတော်ဖြစ်သည်။ သင်္ကြန်ပွဲတော်ကာလအတွင်း အတာရေဖြင့် ပက်ဖျန်းဆေးကြောခြင်းဓလေ့မှာ ရိုးရာမပျက် ဆင်နွှဲကြသည့် ကောင်းမြတ်သည့်အစဉ်အလာဖြစ်သည်။ သင်္ကြန်ကာလတွင် မြန်မာနိုင်ငံသားအားလုံး ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။ ယခုအခါ သင်္ကြန်ကာလသို့ ရောက်ရှိရန် မဝေးတော့ပြီဖြစ်သည်။

ရေသဘင်ပွဲဆင်နွှဲရန်အတွက် အချို့လည်း ပြင်ဆင်နေကြပြီဖြစ်သည်။ နှစ်စဉ်ကျင်းပလေ့ရှိသည့် သင်္ကြန်ရေကစားမဏ္ဍပ်ဆောက်လုပ်ရန်အတွက်လည်း အချို့အဖွဲ့အစည်းများက ဖိတ်ခေါ်နေကြပြီး အချို့အဖွဲ့အစည်းများက စတင်တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေကြသည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ကျွန်ုပ်တို့အနေဖြင့် အစဉ်အလာအတိုင်းကျင်းပမည့် ရေကစားမဏ္ဍပ်တို့ကို သတိပေးတိုက်တွန်းချင်ပါသည်။

သင်္ကြန်ကာလတွင် မြန်မာနိုင်ငံတစ်ဝန်း၌ ရေကစားကြသည့် မျက်မှောက်ကာလအလေ့အထမှာ မြင်းကောင်ရေအမျိုးမျိုးရှိသည့် မော်တာများဖြင့် ရေကစားကြသည်။ မော်တာတစ်လုံးလျှင် ရေပိုက်ငယ် ၁၀ လုံးမှ ၁၅ လုံးခန့် အထိရှိတတ်ကြသည်။ အချို့လည်း ရေမော်တာတစ်လုံးလျှင် မီးသတ်ပိုက်တစ်လုံးတည်းဖြင့် အားပါးတရ ရေကစားကြသည်။ ယခုရေကစားကြမည့် မဏ္ဍပ်များ၊ အထူးသဖြင့် ရန်ကုန်မြို့ရှိမဏ္ဍပ်များတွင် ထိုနည်းအတိုင်း ရေကစားကြရန် ပြင်ဆင်ကြပေလိမ့်မည်။

ယခုအခါ ပူပြင်းသောနွေရာသီကာလတွင် အယ်နီညိုဟူသော အပူရှိန်ပြင်းက ထပ်ဆင့်ပေါင်းပြီး အပူချိန်စံချိန်တင်မြင့်မားနေသောအချိန်ကာလဖြစ်သည်ဟု မိုးလေဝသပညာရှင်များက သတိပေးထားသည်။ သတိပေးသည့်အတိုင်းလည်း ရန်ကုန်မြို့တွင်သာမက မြန်မာနိုင်ငံတစ်ဝန်းတွင် အပူရှိန်ပြင်းလျက်ရှိသည်။ မိုးခေါင်ရေရှားဒေသများ၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ရေရှားပါးသည့်ပုံမှန်အခြေအနေထက် ပိုမိုဆိုးရွားသည့် သောက်သုံးရေပြတ်လပ်မှုနှင့်ကြုံတွေ့နေရသည်။

လူဦးရေထူထပ်သော ရန်ကုန်မြို့တွင်လည်း များပြားလှသည့် ရန်ကုန်လူဦးရေအတွက် ရေပြတ်လပ်မှုမကြုံတွေ့ရအောင်၊ ရေပေးဝေရေးလောက်ငမှုတမှုရှိအောင် ရန်ကုန်ရေပေးဝေရေးရေလှောင်ကန်ကြီးများအား ပြင်ဆင်ဆောင်ရွက်မှုများပြုလုပ်ပေးနေသည်ဟု သိရသည်။ ရေပိုက်လိုင်းဖြင့်သွယ်တန်းရယူရသည့်မြို့နယ်များ အဆင်ပြေရေး ဆောင်ရွက်ပေးနေရသကဲ့သို့ ရေပိုက်လိုင်းမရှိသော ရန်ကုန်မြို့ပြင်ပမြို့နယ်များအတွက်မူ မူလကတည်းက ရေအတွက် အခက်ခဲ့ရသည်။

အပူပိုင်းဒေသကျေးလက်များတွင်မူ ရေရှားပါးမှုနှင့် လက်တွေ့ကြုံတွေ့နေရပြီဖြစ်သောကြောင့် ကျေးလက်နေပြည်သူများအတွက် လိုအပ်သော သောက်သုံးရေများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက ကွင်းဆင်းသွားရောက် လှူဒါန်းမှုများပြုလုပ်ပေးနေရသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံသော ဒေသများအတွက်မူ ရေရရှိရေးအတွက် အသက်တမျှ မျှော်လင့်နေရသည်။

ထိုအချိန်ကာလတွင် သင်္ကြန်ပွဲတော်ကို အစဉ်အလာမပျက် ဆင်နွှဲလိုသည့် မြို့ပြများအနေဖြင့် သင်္ကြန်ရေသဘင်ပွဲတော်ဆင်နွှဲရေးအတွက် သင်္ကြန်မဏ္ဍပ်များဆောက်လုပ်ကာ အားကောင်းသည့် ရေပိုက်များဖြင့် ရေကစားရန်ပြင်ဆင်နေမှု၊ ရေကစားမည့်အစီအစဉ်များသည် လက်ရှိကာလကြုံတွေ့နေရသည့် အပူရှိန်ပြင်းမှုနှင့် ရေရှားပါးမှုအခြေအနေများနှင့် ဆီလျော်လိုက်ဖက်မှု မရှိသည်ကိုတွေ့ရသည်။


တစ်ဖက်တွင် ရေရှားပါးမှုနှင့် ရေအတွက် အခက်ပွေနေရသောအချိန်၌ တစ်ဖက်တွင် သင်္ကြန်ကာလ အစဉ်အလာမပျက်သည့် ရေသဘင်ပွဲတော်ကို ပျော်ပျော်ရွှင်ရွှင်ဖြင့် ရေကိုဖောဖောသီသီ သုံးစွဲကစားကြမည်ဆိုလျှင် သင့်လျော်မှုရှိ မရှိနှင့် လူသားချင်းစာနာထောက်ထားမှု ရှိ မရှိတို့ကို ပြန်လည်သုံးသပ်ကြရမည်ဖြစ်သည်။ အမှန်တကယ်တွင် ယခုအချိန်ကာလသည် ယခင်ကာလများနှင့်မတူသည့် ပူပြင်းမှုများ၊ ရေရှားပါးပြတ်လပ်မှုများနှင့် ကြုံတွေ့နေရသည်။ ထိုကာလတွင် လူသားအချင်းချင်း ကိုယ်ချင်းစာတရားဖြင့် နားလည်ရမည်ဖြစ်သည်။

ထို့ကြောင့် အစဉ်အလာမပျက်ဆင်နွှဲသင့်သည့် သင်္ကြန်ရေသဘင်ပွဲတော်ကာလတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာအတိုင်း သပြေခက်ဖြင့် ရေမပက်ချင်လျှင်လည်း ရေပိုက်များအစား ရေခွက်ငယ်များဖြင့် ရေပက်ကစားကြဖို့ တိုက်တွန်းချင်ပါသည်။ ။

# ရှေးဟောင်းဆင်းတုတော်များပူဇော်ထားရှိရန် ဘုရားဆောင်၏ အာရုံခံတန်ဆောင်းအတွက် သွပ်ပြားလှူဒါန်း

**သီပေါ မတ် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုဘုရားကြီးကျောင်းတိုက်အတွင်းမှ နှစ်ကြိမ်တိုင်တိုင်တူးဖော်တွေ့ရှိခဲ့သော ရှေးဟောင်းဆင်းတုတော် ၃၅၈ ဆူအား ပူဇော်ထားရှိရန် သုံးထပ်ဘုရားဆောင်တိုက်တော်သစ်ကြီးကို တည်ဆောက်နေရာ ရပ်ဝေးရပ်နီးမှအလှူရှင်များက နေ့စဉ်ဖူးမြော်ကြည်ညိုပြီး အလှူငွေနှင့် ဆောက်လုပ်ရေးပစ္စည်းများ လာရောက် လှူဒါန်းလျက်ရှိကြသည်။




အဆိုပါ ဘုရားဆောင်တိုက်တော်သစ်ကြီး၏အပေါ်ဆုံး၌ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီပုံစံတူသုံးဆူ တည်ထားမည်ဖြစ်ပြီး အာရုံခံတန်ဆောင်းကိုပါ တစ်ပြိုင်တည်းတည်ဆောက်လျက်ရှိရာ မန္တလေးမြို့နေ အောင်ချမ်းသာ မိသားစုက ငွေကျပ် ၇၈၄၀၀၀ တန်ဖိုးရှိ ၁၄ ပေသွပ်ပြား ၅၆ ချပ်ကို မတ် ၂၀ ရက်တွင် လာရောက်လှူဒါန်း၍ လိုအပ်မည့်အမိုးသွပ်ပြားများအတွက်လည်း ထပ်မံလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(သီပေါကိုလတ်)**

# ငွေကြေးစီမံခန့်ခွဲမှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၂၂**

မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလျက်ရှိသည့် အိုင်စီတီဆိုင်ရာနည်းပညာများကိုအခြေခံ၍ နိုင်ငံတကာ၏ စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဆိုင်ရာကဏ္ဍများ၌ ပါဝင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုကြသူများအတွက် ငွေကြေးစီမံခန့်ခွဲမှုနှင့် ကုန်သွယ်ရေးဆိုင်ရာဆွေးနွေးပွဲကို မတ် ၂၀ ရက် ညနေပိုင်းတွင် ပျဉ်းမနားမြို့ ရှမ်းကန်အနီးရှိ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲကို အင်ဒိုနီးရှားနိုင်ငံအခြေစိုက် ဂျေဒဗလျူ ဂလိုဘဲလ်ကုမ္ပဏီက ဦးဆောင်ကျင်းပပြီး လက်ရှိနိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများမှ အွန်လိုင်းစနစ်ဖြင့် နိုင်ငံတကာ ရွှေဈေးကွက်နှင့် ငွေကြေးဆိုင်ရာကဏ္ဍများတွင် ပါဝင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေမှုများ၊ ခိုင်မာတည်ငြိမ်မှုရှိပြီး လုံခြုံစိတ်ချရသည့် လုပ်ငန်းများတွင် ပါဝင်ရင်းနှီးမြှုပ်နှံနိုင်ရန် ဘဏ်များမှတစ်ဆင့် ချိတ်ဆက်ပေးခြင်းနှင့် ဝန်ဆောင်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံအတွင်း အင်တာနက်အွန်လိုင်းစနစ်ဖြင့် စီးပွားရေးလုပ်ငန်းများတွင် ဦးဆောင်စွန့်စားဆောင်ရွက်လိုသူ၊ ရေရှည်ခိုင်မာသော အကျိုးစီးပွားကို ဆောင်ရွက်လိုသူများအတွက် ကြီးမားခိုင်ခံ့သော ကုန်သွယ်ရေးနှင့် ငွေကြေးစီမံမှုများကို ကျွမ်းကျင်သေချာစွာဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်သည်အထိ ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် မြန်မာဂျေဒဗလျူ ဂလိုဘဲလ်ကုမ္ပဏီအဖြစ် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး www.jwglobal.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သူရဇော်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၂၂**

ရန်ကုန်(ရွှေဈေး) ၇၉၇၅၀၀ - ၇၉၇၅၀၀ မန္တလေး(ရွှေဈေး) ၇၉၇၅၀၀ - ၇၉၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၄၈၀ ကျပ်၊ | ၅၂၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၄၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၇၀/၅၈၀ ကျပ် |


**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၆၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၆.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၆၆.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၇.၅၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄.၈၂၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၉.၃၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၂၈၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၈၄.၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၄.၅၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၁.၀၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၂.၄၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

## ပြည်တွင်းရေးရာ

☆ **ဒုတိယသမ္မတမှ**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် MGM ဟိုတယ်သို့ ရောက်ရှိကြသည်။

**တည်ခင်းဧည့်ခံ**

ညနေပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် Sheraton ဟိုတယ်၌ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီခချန်က မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ/အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**ပထမဆုံးအကြိမ် စတင်ကျင်းပ**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးကို ပထမဆုံးအကြိမ် စတင်ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးဆောင်ပုဒ်အဖြစ် "မြစ်ကို မျှဝေသုံးစွဲမှုမှတစ်ဆင့် အနာဂတ်ကို မျှဝေဖော်ဆောင်ခြင်း"ဟု သတ်မှတ်ထားသည်။ အဆိုပါအစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့က ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်ကြမည်ဖြစ်သည်။ အာရှဒေသဆိုင်ရာ ဘိုအောညီလာခံကိုလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘိုအောမြို့တွင် မတ် ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**
(သတင်းစဉ်)



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား တာဝန်ရှိသူများက စန်းယလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။**
(သတင်းစဉ်)




**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ/အစိုးရအဖွဲ့ အကြီးအကဲများ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**
(သတင်းစဉ်)

# ဟသ္သာတမြို့နယ်၌ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်

**နေပြည်တော် မတ် ၂၂**

ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးရုံကြီးများ၊ မြို့နယ်ဆေးရုံများနှင့် အလှမ်းကွာဝေးသော ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တိုက်နယ်အဆင့် ဆေးရုံများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတခရိုင် ဟသ္သာတမြို့နယ် ကြွက်ကျွန်းကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာမိုးဆွေ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းငွေးနှင့် ကျေးရွာဒေသခံ ဦးစံသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် တိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုးမြင့်တို့က ဆေးရုံဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီး ဦးစိုးမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး တိုက်နယ်ဆေးရုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို Diamond City ကုမ္ပဏီမှ တာဝန်ရှိသူကပေးအပ်ရာ ဟသ္သာတခရိုင် ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာတိုးတိုးက လက်ခံရယူသည်။

ထို့နောက် တိုက်နယ်ဆေးရုံ ပဒေသာပင်အတွက်Diamond City ကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၂၀နှင့် ဥက္ကာသီရိကုမ္ပဏီမှ ဆိုလာလျှပ်စစ်မီးနှင့် ရေသန့်စက်တပ်ဆင်ရန်အတွက် အလှူငွေများလှူဒါန်းခဲ့ကြပြီး ကျန်အလှူရှင်များကလည်းအလှူငွေများ ပေးအပ်ကြသည်။

ကြွက်ကျွန်းတိုက်နယ်ဆေးရုံသည် အလျား ၁၂၆ ပေ၊ အနံပေ ၁၁၀၊ အမြင့်၁၉ပေရှိ RC အဆောက်အအုံဖြစ်ကာ နိုင်ငံတော်မှကျပ်သန်းပေါင်း ၆၀၀ အကုန်အကျခံ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး လူနာဆောင်၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဝန်ထမ်းအိမ်ရာများပါဝင်သည်။ အဆိုပါတိုက်နယ်ဆေးရုံကို ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စုပေါင်း ၁၁ အုပ်စု၊ ကျေးရွာပေါင်း ၈၁ ရွာတွင် နေထိုင်ကြသော ကျေးလက်နေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ လွှမ်းခြုံဆောင်ရွက် ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



# စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**ဖျာပုံ မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးလုပ်ငန်းများ တိုးတက်လာစေရန် စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို မတ် ၂၂ရက် နံနက် ၉နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စာရေးဆရာ သတင်းထောက်သပြေထွန်းက "ပညာရေးနှင့် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သတင်းထောက်ဦးကျော်စိုးမိုးက "စာကြည့်တိုက်မှူးများနှင့် သတင်းရေးသားနည်းအတတ်ပညာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မာမာလွင်က "စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေး၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှင်သန်ခိုင်မာရန် လုပ်ဆောင်သင့်သည်များ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါ်မေသက်လှိုင် (ရုပ်သံကျွမ်းကျင်-၃) စာကြည့်တိုက်တာဝန်ခံက "စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း ပို့ချဆွေးနွေး၍ စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးနှင့် ပတ်သက်သော ဆွေးနွေးပို့ချချက်များအပေါ် ဝန်ဆောင်မှု ရလဒ်ကောင်းများ ရရှိလာစေရန် အဖွဲ့ လေးဖွဲ့ခွဲကာ အဖွဲ့လိုက် အပြန်အလှန် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ဝ၈၆)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ကျူးဘားသမ္မတ တည်ခင်းသည့် ညစာစားပွဲသို့ အိုဘားမား တက်ရောက်

**ဟာဗားနား မတ် ၂၂**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် ကျူးဘားသမ္မတတည်ခင်းသည့် နိုင်ငံတော်ညစာစားပွဲသို့တက်ရောက်သည်။ အိုဘားမား၏ ကျူးဘားနိုင်ငံခရီးစဉ်သည် အမေရိကန်နှင့် ကျူးဘားနိုင်ငံကြား ဆက်ဆံရေးကဏ္ဍသစ်အတွက်အစပြုသည့် ခြေလှမ်းဖြစ်သည်။

မတ် ၂၁ ရက်က ပြုလုပ်သော အမေရိကန်နှင့် ကျူးဘားစီးပွားရေးလုပ်ငန်းရှင်များပြုလုပ်သည့် ဆွေးနွေးပွဲသို့ အိုဘားမားသည် ကျူးဘားသမ္မတ ရာအူးလ်ကတ်စထရိုနှင့်အတူ တက်ရောက်ခဲ့သည်။

အိုဘားမားက ကျူးဘားနိုင်ငံအနေဖြင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ထုတ်ဖော်ပြောဆိုခဲ့ပြီး ကျူးဘားစီးပွားရေးလုပ်ငန်းများအတွက် အကူအညီပေးရသည့်အတွက် ဂုဏ်ယူကြောင်းပြောကြားသည်။

ထို့နောက် မတ် ၂၁ ရက်ညနေပိုင်းတွင် သမ္မတအိုဘားမား၊ သမ္မတကတော်မီရှဲလ်အိုဘားမားနှင့်အမေရိကန်ကွန်ဂရက်လွှတ်တော်အမတ်အချို့တို့သည် နိုင်ငံတော်ညစာစားပွဲသို့ တက်ရောက်ကြသည်။

အိုဘားမားသည် ကျူးဘားနိုင်ငံမှ ပြန်လည်မထွက်ခွာမီ ကျူးဘားပြည်သူများကို မိန့်ခွန်းပြောကြားရန်လည်း စီစဉ်ထားသည်။ အဆိုပါမိန့်ခွန်းတွင် အိုဘားမားသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးအတွက် အလေးထားပြောကြားသွားဖွယ်ရှိသည်။

အိုဘားမား၏ ခရီးစဉ်သည် ကျူးဘားနိုင်ငံသို့ ၈၈ နှစ်အတွင်း ပထမဆုံးလာရောက်လည်ပတ်သည့်အမေရိကန်သမ္မတတစ်ဦး၏ ခရီးစဉ်အဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။

အိုဘားမားနှင့် ကျူးဘားသမ္မတ ရာအူးလ်ကတ်စထရိုတို့၏ တွေ့ဆုံဆွေးနွေးမှုတွင် ကျူးဘားနိုင်ငံ၏ လူ့အခွင့်အရေးပြဿနာများနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှုများရှိနေသော်လည်း ခေါင်းဆောင်နှစ်ဦးစလုံးက စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားရန်နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲများပြုလုပ်သွားရန် သဘောတူညီခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ။**



# ဘရပ်ဆဲလ်မြို့တွင် ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွား

**ဘရပ်ဆယ် မတ် ၂၂**

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ နိုင်ငံတကာလေဆိပ်နှင့်မြေအောက်ရထားဘူတာရုံတို့တွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်။ မီဒီယာများ၏အဆိုအရ အဆိုပါပေါက်ကွဲမှုများအတွင်း အနည်းဆုံး လူ၃၄ ဦးခန့် သေဆုံးခဲ့ပြီး လူ ၂၀၀ နီးပါးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အစောပိုင်းတွင်ဘယ်လ်ဂျီယံ ရုပ်သံသတင်းဌာနတစ်ခုဖြစ်သည့် ဗွီအာရ်တီသတင်းဌာနက လေဆိပ်ပေါက်ကွဲမှုအတွင်း လူ ၁၃ ဦးသေဆုံးပြီး ၃၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ထုတ်လွှင့်ကြေညာခဲ့သည်။ ထို့နောက် မြေအောက်ရထား ဘူတာရုံတွင် ပေါက်ကွဲမှုကြောင့် လူ ၁၀ ဦး ထပ်မံသေဆုံးခဲ့သည်ဟု အဆိုပါရုပ်သံသတင်းဌာနက ထုတ်လွှင့်ကြေညာခဲ့သည်။

ဘယ်လ်ဂျီယံနိုင်ငံတကာလေဆိပ်၌ မတ် ၂၂ ရက် နံနက်ပိုင်းတွင် ဗုံးပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဗီဒီယိုပြကွက်များနှင့် ဓာတ်ပုံများတွင် လေဆိပ်မှန်ပြတင်းပေါက်များကွဲကြေကာ ကြမ်းပြင်တွင် အပျက်အစီးအပိုင်းအစများနှင့် လူများအလန့်တကြား ထွက်ပြေးလာကြသည်ကို တွေ့ရသည်။

ယင်းသို့လေဆိပ်ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တစ်နာရီခန့်အကြာတွင် ဘရပ်ဆဲလ်မြို့လယ် ဥရောပသမဂ္ဂရုံးချုပ်အနီး မေးလ်ဘိခ်မြေအောက် ရထားဘူတာရုံတွင် ဗုံးတစ်လုံး ထပ်မံပေါက်ကွဲခဲ့သည်။

ပေါက်ကွဲမှုများဖြစ်ပွားပြီးနောက် ဘယ်လ်ဂျီယံပြည်ထဲရေးဝန်ကြီးဌာနက နိုင်ငံတွင်းအကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ တပ်လှန့်သတိပေးချက်ကို အမြင့်ဆုံးအဆင့်ဖြစ်သည့် အဆင့်လေးသို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။ ဘရပ်ဆဲလ်မြို့နှင့် ဆက်သွယ်ထားသည့် မြေအောက်ရထားလမ်းများနှင့် မီရထားဝန်ဆောင်မှုလုပ်ငန်းများကို ယာယီရပ်ဆိုင်းထားခဲ့သည်။







လွန်ခဲ့သည့်နှစ်က လူ ၁၃၀ သေဆုံးခဲ့သည့် ပြင်သစ်နိုင်ငံ ပါရီမြို့တော်အကြမ်းဖက်တိုက်ခိုက်မှုတွင် အဓိကသံသယရှိသူဖြစ်သည့် ဆာလာအဒီဆလမ်း ဆိုသူကို ဘရပ်ဆဲလ်မြို့၌ ဖမ်းဆီးနိုင်ခဲ့ပြီးနောက် လေးရက်အကြာတွင် ယခုကဲ့သို့ အကြမ်းဖက်ဗုံးဖောက်ခွဲတိုက်ခိုက်ခံရခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# အိုင်အက်စ်ကို ငွေကြေးထောက်ပံ့သည်ဟု သံသယရှိသူ လူငယ်နှစ်ဦးအား ဩစတြေးလျရဲတပ်ဖွဲ့ ဖမ်းဆီး

**ဆစ်ဒနီ မတ် ၂၂**

ဩစတြေးလျနိုင်ငံတွင် အသက် (၁၆)နှစ်အရွယ် မိန်းကလေးတစ်ဦးနှင့် အသက်(၂၀) အရွယ် ယောကျ်ားလေးတစ်ဦးတို့သည် အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး(အိုင်အက်စ်) စစ်သွေးကြွအဖွဲ့ကို ငွေကြေးထောက်ပံ့သည်ဟု ယူဆရသဖြင့် ဖမ်းဆီးခံခဲ့ရသည်။

ဖမ်းမိခဲ့သောယောကျ်ားလေးသည် စောင့်ကြည့်စာရင်းတွင် ပါဝင်နေပြီး နိုင်ငံတွင်း အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်လာနိုင်သည်ဟု ယူဆရကြောင်း ဩစတြေးလျရဲတပ်ဖွဲ့က မတ် ၂၂ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဖမ်းမိခဲ့သော မိန်းကလေးနှင့် ယောကျ်ားလေးတို့သည် တစ်ဦးနှင့်တစ်ဦး ရင်းနှီးကျွမ်းဝင်နေပြီး နှစ်ဦးစလုံးကို ဆစ်ဒနီမြို့စွန်တွင် ဖမ်းမိခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းတို့နှစ်ဦးအနေဖြင့် အိုင်အက်စ်စစ်သွေးကြွအဖွဲ့သို့ ငွေကြေးမည်မျှထောက်ပံ့ပေးခဲ့သည်ကိုမူ ရဲတပ်ဖွဲ့က ပြောကြားခြင်းမရှိပေ။

ဩစတြေးလျရဲတပ်ဖွဲ့အနေဖြင့် အကြမ်းဖက်တိုက်ခိုက်မည့် လျှို့ဝှက်အကြံအစည်များကိုသာမက အကြမ်းဖက်အဖွဲ့အစည်းများသို့ ငွေကြေးထောက်ပံ့မှုများကိုပါ စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

# ဆင်စွယ် ၃၉ ခုနှင့်အတူ သံသယဖြစ်ဖွယ် ဆင်စွယ်မှောင်ခိုသမားတစ်ဦးအား ကင်ညာရဲတပ်ဖွဲ့ဖမ်းဆီး

**နိုင်ရိုဘီ မတ် ၂၂**

ကင်ညာရဲတပ်ဖွဲ့သည်မတ် ၂၂ရက်က သံသယဖြစ်ဖွယ် ဆင်စွယ်မှောင်ခိုကူးသူတစ်ဦးအား ဖမ်းဆီးလိုက်ပြီး ၎င်း၏အိမ်အတွင်းမှ ဆင်စွယ် ၃၉ ခု ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

မြို့တော် နိုင်ရိုဘီမြို့၏အရှေ့ဘက် ၂၅ ကီလိုမီတာခန့်အကွာ ရူယူဒေသရှိ အသက် (၃၅) နှစ်အရွယ် သံသယဖြစ်ဖွယ် ဆင်စွယ်ကုန်သည်သောမတ်မူဟိုရိုဂါရှာ၏အိမ်အား ရဲတပ်ဖွဲ့ကစီးနင်းပြီး နောက် ၎င်းအား ဖမ်းဆီးခဲ့ကြောင်း ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဒီဝါမူဟိုရိုက ပြောကြားသည်။ ဂါရှာမှာ နိုင်ငံဖြတ်ကျော်ဆင်စွယ်မှောင်ခိုဂိုဏ်းမှ သံသယဖြစ်ဖွယ်အဖွဲ့ဝင်တစ်ဦးဖြစ်သည်ဟု ရဲတပ်ဖွဲ့က ဆိုသည်။



"အိမ်ကတော့ ဟော်လန်နိုင်ငံမှာ နေထိုင်တဲ့ ဂါရှာရဲ့အစ်မပိုင်ဆိုင်တယ်လို့ယုံကြည်ရပါတယ်။ ဆင်စွယ်မှောင်ခိုဂိုဏ်းမှာ ဆင်တွေခိုးဖမ်းတဲ့ နိုင်ဂျီးရီးယားနိုင်ငံသားတွေ ပါဝင်ပါတယ်" ဟု မူဟိုရိုက ဆက်လက်ပြောကြားသည်။ သံသယဖြစ်ဖွယ် ဆင်စွယ်မှောင်ခိုသမားသည် ဆင်စွယ်များကိုမည်သည့်နေရာသို့ ပို့ဆောင်ရန် စီစဉ်ထားသည်ဆိုသည်ကိုမူ ရဲတပ်ဖွဲ့က အခိုင်အမာ သက်သေမပြနိုင်သေးပေ။

သံသယဖြစ်ဖွယ်ရာ ဆင်စွယ်မှောင်ခိုသမားသည် ညပိုင်းတွင် အဆိုပါအိမ်သို့ရောက်ရှိလာလေ့ရှိပြီး တစ်ဦးတည်းလုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။ သတ်ဖြတ်ခံခဲ့ရသော တိရစ္ဆာန်များ၏ဇာစ်မြစ်ကို စုံစမ်းရန် ကင်ညာသားရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ကျွမ်းကျင်သူများက ဖမ်းဆီးရမိသော ဆင်စွယ်များကို စစ်ဆေးမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ အာဖရိကတိုက်ပြင်ပသို့ ဆင်စွယ်မှောင်ခိုကူးရာတွင် အဓိကကျသော တစ်ဆင့်ခံဖြတ်သန်းရာလမ်းကြောင်းတစ်ခုအဖြစ် ကင်ညာနိုင်ငံအား သတ်မှတ်ထားသည်။

**ဆင်ဟွာ။**

# ဆေးရှဲလ်နိုင်ငံသို့ ပင်လယ်ရေကြောင်း ကင်းထောက်လေယာဉ် အိန္ဒိယဖြန့်ကြက်

**နယူးဒေလီ မတ် ၂၂**

ဆေးရှဲလ်နိုင်ငံ၏ သီးသန့်စီးပွားရေးဇုန် (EEZ) အား သတိထားစောင့်ကြည့်ရန် အိန္ဒိယနိုင်ငံက အဆိုပါကျွန်းနိုင်ငံငယ်လေးသို့ ပင်လယ်ရေကြောင်း ကင်းထောက်လေယာဉ်တစ်စင်းဖြန့် ကြက်လိုက်သည်။

အိန္ဒိယရေတပ်က ဆေးရှဲလ်နိုင်ငံသို့ P-81 ပင်လယ်ရေကြောင်းကင်းထောက်လေယာဉ်တစ်စင်းဖြန့်ကြက်လိုက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သတင်းရပ်ကွက်များက ပြောကြားသည်။ "ဒီလေယာဉ်ကို မနက်ဖြန်ထိ ဆက်လက်ဖြန့်ကြက်ထားမှာပါ။ အစောပိုင်းကလည်း အိန္ဒိယရေတပ်က ဆေးရှဲလ်နိုင်ငံကို စစ်သင်္ဘောတွေ စေလွှတ်ခဲ့ပါတယ်"ဟု အဆိုပါသတင်းရပ်ကွက်များက ဆိုသည်။

ကင်းထောက်လေယာဉ်ဖြန့်ကြက်မှုမှာ ဆေးရှဲလ်နိုင်ငံ သီးသန့်စီးပွားရေးဇုန် (EEZ) လုံခြုံရေးအတွက် အိန္ဒိယနိုင်ငံ၏ကတိကဝတ်ကို ညွှန်ပြလိုက်ခြင်းဖြစ်ကြောင်း အိန္ဒိယရေတပ်က ထုတ်ပြန်ချက် တစ်ခု၌ ပြောကြားသည်။ ထိုသို့ဖြန့်ကြက်လိုက်မှုက တရားမဝင်လုပ်ဆောင်ချက်များနှင့် ပင်လယ်ဓားပြ မှုကိုထိန်းချုပ်ရာတွင် အကူအညီဖြစ်စေမည့်အပြင် အိန္ဒိယသမုဒ္ဒရာအတွင်း လုံခြုံရေးနဲ့တည်ငြိမ်ရေးကိုလည်း အထောက်အကူဖြစ်စေမည်ဟု ယင်းထုတ်ပြန်ချက်က ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ။**

# နိုင်ငံတော်အကြီးအကဲတာဝန် လွှဲပြောင်းရေးအခမ်းအနား ကျင်းပရေးနှင့် အသွင်ကူးပြောင်းမှုချောမွေ့ရေး ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော် အကြီးအကဲတာဝန်လွှဲပြောင်းမှု အထောက်အကူပြု ကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အသွင် ကူးပြောင်းရေးအဖွဲ့တို့အကြား ပဉ္စမအကြိမ် ညှိနှိုင်းအစည်း အဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သမ္မတအိမ်တော်၌ ကျင်းပ မည့် နိုင်ငံတော်အကြီးအကဲတာဝန် လွှဲပြောင်းခြင်း အခမ်းအနားအစီအစဉ်နှင့် ညစာစားပွဲအစီအစဉ်များ၊ ပြည်ထောင်စုဝန်ကြီးများအား ပြည်ထောင်စုလွှတ်တော် က အတည်ပြုပြီးနောက် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သွားရောက်လေ့လာမည့် အစီအစဉ်များ၊ ပြည်ထောင်စု ဝန်ကြီးအသစ်များထံ အပ်နှံမည့် အိမ်ရာများဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်အကြီးအကဲတာဝန် လွှဲပြောင်းမှု အထောက်အကူပြုကော်မတီမှ ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ နိုင်ငံတော် သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်း၊ ဆောက် လုပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင် မောင်အုန်းနှင့် နိုင်ငံတော်သမ္မတရုံး ဒုတိယညွှန်ကြားရေး မှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ခဲ့ကြပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အသွင်ကူးပြောင်းရေးအဖွဲ့မှ အဖွဲ့ ခေါင်းဆောင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမျိုးအောင်နှင့် ဒေါက်တာအောင်သူတို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော် အကြီးအကဲတာဝန်လွှဲပြောင်းမှု အထောက်အကူပြုကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အသွင်ကူးပြောင်းရေးအဖွဲ့တို့ ညှိနှိုင်းဆွေးနွေးစဉ်။** (သတင်းစဉ်)

# ယဉ်ကျေးမှုဝန်ကြီးဌာန၏ (၆၄)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် အမျိုးသားပြတိုက်(နေပြည်တော်) ဒုတိယအဆင့်ဖွင့်

**နေပြည်တော် မတ် ၂၂**

၂၀၁၆ ခုနှစ် မတ် ၂၂ ရက် တွင် ကျရောက်သော ယဉ်ကျေးမှု ဝန်ကြီးဌာန၏ (၆၄) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီ နယ်မြေ ဥတ္တရသီရိမြို့နယ် ကုမုဒြာ ကြာပန်းအဝိုင်းအနီးရှိ အမျိုးသား ပြတိုက်(နေပြည်တော်) ဒုတိယအဆင့် ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။



အဆိုပါအခမ်းအနားသို့ ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဖိတ်ကြားထားသည့် ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများ၊ ဟိုတယ် လုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ သက်ဆိုင်ရာ ဌာန ဆိုင်ရာဝန်ထမ်းများ၊ ပြင်ပမှ စိတ်ပါ ဝင်စားသူများတက်ရောက်ကြသည်။ အခမ်းအနားတွင် အမျိုးသားပြတိုက် (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးရဲမြတ်အောင်က ပြတိုက်လုပ်ငန်း ဆိုင်ရာများ ရှင်းလင်းတင်ပြခဲ့ပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးလှထွန်းနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူတို့က အဆောင်(B)၊ အဆောင်(C)နှင့် အဆောင် (D)တို့ရှိ သီဟာသနပလ္လင်ပြခန်း၊ သမိုင်းတင် ခေတ်ပြခန်း၊ မြန်မာ့လက်မှုအနု ပညာပြခန်း၊ အာဆီယံပြခန်း၊ ကလေး သူငယ်ပညာပေးပြခန်းတို့အား ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

**(အပေါ်ယာပုံ)**

အမျိုးသားပြတိုက်(နေပြည်တော်) တည်ဆောက်ခြင်းကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် စတင်ပန္နက်ချ ဆောင်ရွက်ခဲ့ပြီး ပြတိုက်ရှိ(A) ဆောင်၊ (B) ဆောင်နှင့် (D) ဆောင်တို့ကို ၂၀၁၅ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ပထမအဆင့်ဖွင့်ပွဲ ဆောင်ရွက်နိုင် ကြောင်း သိရှိရသည်။

အမျိုးသားပြတိုက်(နေပြည်တော်) ကို ခေတ်မီပြီး ဆွဲဆောင်မှုရှိ၍ အမျိုးသားအဆင့်နှင့် လျော်ညီရန် နှင့် နိုင်ငံတော်နှင့် လူမျိုး၏ ဂုဏ်ဒြပ် ကို ထင်ဟပ်ပေါ်လွင်စေသော ပြတိုက် တစ်ခုအဖြစ် ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ခင်းကျင်းပြသမှုများကို အစီအစဉ်များ ရေးဆွဲဆောင်ရွက်ခဲ့ပြီး ပြသပစ္စည်းများ ပြသရာ ရှားပါးပြီး တစ်ခုတည်းသာရှိသော တန်ဖိုး မဖြတ်နိုင်သည့် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို အစစ် အတိုင်း ပြသထားခြင်းမပြုဘဲ ပုံစံတူ (Replica) ပြုလုပ်၍သာ ပြသထား သည်။ အမျိုးသားပြတိုက်၏ အဆောင်ငါးဆောင်တွင် ပြခန်း၂၀ ခန်း တည်ဆောက်ခင်းကျင်းပြသရေး ဆောင်ရွက်ပြီး ယခုဖွင့်လှစ်သည့် အမျိုးသားပြတိုက် (နေပြည်တော်) သည် လွန်ခဲ့သော နှစ်သန်းပေါင်း များစွာကတည်းက တည်ရှိလာခဲ့ သည့် မြန်မာ့ယဉ်ကျေးမှုသမိုင်းကို ဖော်ထုတ်ပြသသည့်အနေဖြင့် ပြခန်း များကို သမိုင်းစဉ်အရ ခွဲခြားပြသကာ မြန်မာတို့၏ အနုသုခုမပညာရပ် များ၊ ပန်းချီပညာရပ်များကိုလည်း ခင်းကျင်းပြသထားသည်ကို တွေ့ရှိရ မည်ဖြစ်သည်။

ပြခန်းများအလိုက် ခင်းကျင်းပြသ ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာ အဆင့်မီစွာ ခင်းကျင်း ပြသနိုင်စေရန် ပြည်ပကျွမ်းကျင် ပညာရှင်များ၊ ပြည်တွင်း ပြတိုက် ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ဌာန ပညာရှင်၊ ဝန်ထမ်းများ၏ ပူးပေါင်း ပါဝင်ဆောင်ရွက်မှုဖြင့် ပြခန်းများ ခင်းကျင်းပြသထားကြောင်း၊ အမျိုးသား ပြတိုက်(နေပြည်တော်)ကို အပတ်စဉ် တနင်္လာနေ့ တစ်ရက်သာ ပိတ်ရက် အဖြစ် သတ်မှတ်ထားပြီး နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအတွင်း ဖွင့်လှစ်ပြသလျက်ရှိပြီး ဝင်ကြေး အဖြစ် ပြည်တွင်းမှ ဝင်ရောက်လေ့လာ ကြည့်ရှုသူအတွက် ကျပ် ၅၀၀၊ ပြည်ပ မှ လေ့လာကြည့်ရှုသူကို ကျပ် ၅၀၀၀ ကောက်ခံကြောင်း၊ ကလေးသူငယ်၊ ကျောင်းသား၊ ရဟန်း၊ သီလရှင်များကို ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်လေ့လာ ကြည့်ရှုနိုင်ကြောင်းနှင့် ခင်းကျင်းပြသ ရန် ကျန်ရှိနေသော အဆောင်(C)နှင့် အဆောင်(E) ခင်းကျင်းပြသရေးနှင့် ပတ်သက်၍ နောင်လာမည့် ဘဏ္ဍာရေး နှစ်အတွင်း ထည့်သွင်းတောင်းခံ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နမ္မတူမြို့နယ်၌ မျက်စိအလင်း ကုသိုလ်ပြု

**နမ္မတူ မတ် ၂၂**

နမ္မတူမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၉၆၉ ဦးအား မတ် ၁၈ ရက်မှ ၂၀ ရက်အထိ စမ်းသပ်ကုသပြုလုပ်ပေးခဲ့ပြီး စမ်းသပ်ခံသူ ၈၀၁ ဦးအား မျက်မှန်ပြုလုပ်ပေးခြင်း၊ ၈၁ ဦးအား အားဆေးပုံ့ပိုးပေးခြင်း၊ ၇၈ ဦးအား မျက်စိအတွင်းတိမ် ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများကို အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

စမ်းသပ်ကုသမှုခံယူသည့် ဒေသခံပြည်သူ ၉၆၉ ဦးနှင့် အကူအဖြစ် လိုက်ပါလာသူများအား စားသောက်ရေးနှင့် နေထိုင်ရေးကိစ္စများကို အပြည့် အဝ စီစဉ်ပေးခဲ့ကြောင်းလည်း သိရသည်။

ကုသမှုဆောင်ရွက်ရာသို့ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖ များ၊ ရှမ်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံများ တက်ရောက် အားပေးသည်။

မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးစန်းလွင်က မိမိတို့ဒေသတွင် ယခုကဲ့သို့ ဆောင်ရွက်ပေးမှုမှာ ပထမဆုံးအကြိမ်ဖြစ်ပါကြောင်း၊ မိမိတို့ဒေသခံများအနေ ဖြင့် သွားလာတည်းခိုနေထိုင်ရန်နှင့် ကုန်ကျစရိတ်သုံးစွဲရန် ငွေကြေးအခက် အခဲရှိသည့်အတွက် ယခုကဲ့သို့ အခမဲ့ကုသမှုပေးသည့်အပြင် နေထိုင် စားသောက်ရေးအတွက်ပါ အပြည့်အဝ ကူညီဖြည့်ဆည်းဆောင်ရွက်ပေး သည့်အတွက် အတိုင်းမသိ ဝမ်းသာပါကြောင်း ပြောကြားသည်။

ယခု စမ်းသပ်ကုသမှုကို Nation Infrastructure Holding Co., Ltd. အုပ်စုဝင် ဝင်းမြင့်မိုရ် စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်က တာဝန်ယူ၍ ငွေကြေး အကုန်အကျခံ ကုသမှုပေးခဲ့ခြင်းဖြစ်သည်။ **(မြင့်ဦး)**

# စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**ရန်ကုန် မတ် ၂၂**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ရွှေပြည်သာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ မတ် ၂၁ ရက် နံနက် ၉ နာရီက ကျင်းပ ခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာဦး၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ ဒေါ်မြတ် စန်းငြိမ်း၊ မြို့နယ်ဦးစီးမှူး ဒေါ်အုန်းညွန့်(ရွှေပြည်သာ)၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းကြည် (အင်းစိန်)တို့က စာကြည့်တိုက်စီမံခန့်ခွဲမှု၊ စာကြည့်တိုက် ဝန်ဆောင်မှု၊ ကျောင်းစာကြည့်တိုက်များ တိုးတက်ရေးစီမံခန့်ခွဲမှုခေါင်းစဉ် တို့ဖြင့် မတ် ၂၁ ရက်မှ ၂၂ ရက်အထိ ဆွေးနွေးပို့ချခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ကျေးရွာစာကြည့်တိုက်များမှ ဆရာမ ၃၀၊ ရပ်ကွက် စာကြည့်တိုက်များမှ ကိုးဦး တက်ရောက်ပြီး စာကြည့်တိုက်ဖွင့်ရာတွင် တွေ့ရှိ ရသည့် အခက်အခဲများနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရန် နည်းလမ်း ကောင်းများကို တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# အမြင့်သစ်စာကြည့်တိုက် နှစ်ပတ်လည်နေ့ စာပေဟောပြော

**ရန်ကုန် မတ် ၂၂**

အင်းစိန်မြို့နယ် မြို့သစ်(ဂ) ရပ်ကွက် အမြင့်သစ်စာကြည့်တိုက်၏ ဆဋ္ဌမ အကြိမ်မြောက်နှစ်ပတ်လည်နေ့တွင် စာပေဟောပြောပွဲကို မတ် ၂၀ ရက် ညနေ ၆ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အမြင့်သစ်စာကြည့်တိုက် ကော်မတီနာယကတို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး စာကြည့်တိုက်ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ပါဝင်လှူဒါန်းကြသော အလှူရှင်များနှင့် စာကြည့်တိုက် ရန်ပုံငွေတစ်နှစ်စာအလှူရှင် ဦးထင်ကျော် (Tractor King Co., Ltd.) တို့အား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး၊ နာယကများ၊ ဥက္ကဋ္ဌနှင့်တာဝန် ရှိသူများက ဂုဏ်ပြုလွှာများပေးအပ်သည်။ ၂၀၁၅ ခုနှစ်အတွင်း စာကြည့်တိုက်လုပ်ငန်း များကို ထူးချွန်စွာဆောင်ရွက်ခဲ့ကြသော လက်ထောက်စာကြည့်တိုက်မှူး သုံးဦးနှင့် စာကြည့်တိုက်မှအများဆုံး စာအုပ်ငှားရမ်းဖတ်ရှုကြသည့် စာဖတ်သူသုံးဦးတို့ကို ထူးချွန်ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ခဲ့ကြပြီး မြန်မာနိုင်ငံစာကြည့်တိုက် များ ဖောင်ဒေးရှင်းက လှူဒါန်းသောစာအုပ်စာစောင်များကို ပြန်/ဆက်ဦးစီးမှူးက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီအတွင်းရေးမှူးက လက်ခံရယူခဲ့သည်။

ထို့နောက် စာပေဟောပြောပွဲကို ည ၈ နာရီတွင် ကျင်းပရာ စာရေးဆရာ ချစ်ကိုကိုယုနှင့် စာရေးဆရာ လင်းသိုက်ညွန့်(မြန်မာ့မြေ)တို့က "နှလုံးလှလူမိုက်"၊ "အချစ်နှင့်ဥပဒေ"၊ "နိုင်ငံသစ်"၊ "ယဉ်ကျေးမှုအသစ်"၊ "အောင်မြင်မှုအသစ်" ခေါင်းစဉ်များဖြင့် စာပေချစ်မြတ်နိုးသူ ပြည်သူများကို ဟောပြောခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

# အရေးအတွက် စွမ်းဆောင်နိုင်မှု ဟန်ချက်ညီညီ

နိုင်ဆွေချစ်

**ပြည်ထောင်စုဝန်ကြီးဌာနများ လျှော့ချခြင်းကို ဘက်စုံထောင့်စုံမှ ချင့်ချိန်စဉ်းစား ဆောင်ရွက်ရမည် ဖြစ်ပါသည်။ လျှော့ချမှုကြောင့် ခြိုးခြံချွေတာ နိုင်သလို ဝန်ကြီးဌာနများ၏ စွမ်းဆောင်မှုနှင့် ဝန်ဆောင်မှု များကိုလည်း မထိခိုက်ဖို့ လိုအပ်မည် ဖြစ်ပါသည်။**

ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်ခဲ့သော လွှတ်တော်များက တစ်လတာကာလအတွင်း လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများကို အတည်ပြုရွေးချယ်နိုင်ခဲ့သည့်အပြင် လွှတ်တော်များအတွင်း ကဏ္ဍစုံပါဝင်သည့် ကော်မတီပေါင်း ၃၄ ခု၊ ကော်မရှင်တစ်ခုနှင့် ပူးပေါင်းကော်မတီလေးခုတို့ ဖွဲ့စည်းခဲ့သည်ကို တွေ့ရှိရသည်။

ဥပဒေပြုရေးမဏ္ဍိုင်ဖွဲ့စည်းပြီးနောက် အုပ်ချုပ်ရေးမဏ္ဍိုင်ကို ဦးဆောင်မည့် ပြည်ထောင်စုအစိုးရအဖွဲ့ကို မည်ကဲ့သို့ ဖွဲ့စည်းမည်ဆိုသည်ကို အမြင်အမျိုးမျိုးဖြင့် ဝေဖန်မှုများလည်း တွေ့မြင်လာရသည်။

ထို့နောက် အုပ်ချုပ်ရေးမဏ္ဍိုင်ကို ဦးဆောင်မည့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးလုပ်ငန်းကို မတ်လ ၁၀ ရက်နေ့မှ မတ်လ ၁၅ ရက်နေ့အတွင်း ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဦးထင်ကျော်က ပြည်ထောင်စုအစိုးရဝန်ကြီးဌာန ၂၁ ခုနှင့် ပြည်ထောင်စုဝန်ကြီးဦးရေ ၁၈ ဦး သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မတ်လ ၂၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ဆန္ဒမဲအဆုံးအဖြတ်ဖြင့် အတည်ပြုခဲ့ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူက ဝန်ကြီးဌာန ၁၀ ခုကို မူလအတိုင်းထားရှိပြီး ကျန်ဝန်ကြီးဌာန ၂၆ ခုကို အမျိုးတူ၊ ဘာသာရပ်တူ၊ လုပ်ငန်းသဘောတူသည့်အတွက် ဝန်ကြီးဌာန ၁၀ ခုအဖြစ် ပေါင်းစပ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားရေးရာဝန်ကြီးဌာန တစ်ခုကို ထပ်မံဖွဲ့စည်းထားပါကြောင်း၊ အရေအတွက်ထက် အရည်အချင်းကိုဦးစားပေးရေး၊ အဂတိတရားကင်းစင်သော လူ့အသိုင်းအဝိုင်းဖော်ဆောင်ရေး၊ အမျိုးသားအကျိုးစီးပွားရေးရှုရေး၊ ပြည်သူ့ဘဏ္ဍာခြိုးခြံချွေတာရေးနှင့် စွမ်းဆောင်ရည်ပြည့်ဝသည့် ကျစ်လျစ်သော အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ရေးကို ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ထိုသို့ ပြည်ထောင်စုဝန်ကြီးဌာန အရေအတွက်နှင့် ပြည်ထောင်စုဝန်ကြီးဦးရေ လျှော့နည်းသွားခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ၊ အစိုးရမူဝါဒများကို ဖော်ဆောင်ရာတွင်ဖြစ်စေ နှောင့်နှေးကြန့်ကြာမှုများ၊ ငွေကြေးကုန်ကျမှုများ လျှော့နည်းသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ ယခုကဲ့သို့ဖွဲ့စည်းမှုကြောင့် ဝန်ထမ်းအချို့အနေဖြင့် အလုပ်လက်မဲ့ဖြစ်နိုင်သော စိုးရိမ်နေမှုကို ကြားသိရကြောင်း၊ ဝန်ထမ်းများကို သင့်လျော်သလို ပြောင်းရွှေ့နေရာချထားခြင်းအားဖြင့် အလုပ်အကိုင်လုံခြုံမှုပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြချက်တွင် ပါဝင်သည်ကို တွေ့ရပါသည်။

ထို့ပြင်လျှော့နည်းသွားသည့်ဝန်ကြီးများ၏ ငါးနှစ်သက်တမ်းအတွင်း လစာစရိတ်၊ အဆောင်အယောင်နှင့် အသုံးစရိတ်သန်းပေါင်း၅၀၀၀ခန့်ကို နိုင်ငံတော်အတွက် ခြိုးခြံချွေတာနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါဘဏ္ဍာငွေများကို နိုင်ငံတော်တွင်လိုအပ်နေသည့် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပိုမိုသုံးစွဲနိုင်မည်ဖြစ်ပြီး ပြည်သူလူထု၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးအတွက် မျှဝေနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

သမ္မတ၊ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ မတိုင်မီနှင့် တိုင်ပြီးကာလများတွင် ပြည်သူများက လုပ်ငန်းဆောင်ရွက်မှုများ လျင်မြန်သွက်လက်နိုင်မှု၊ လုပ်ငန်းများတွင်ကျယ်နိုင်မှုတို့ကို ချီးကျူးဂုဏ်ပြုကြခြင်းများ ပြုလုပ်သကဲ့သို့ အကျိုးဆက်များကို တွက်ချက်ပြီး စိုးရိမ်ပူပန်ခြင်း၊ အကြံပြုခြင်း စသည့် ခံစားချက်များကိုလည်း စာစောင်များနှင့် လူမှုကွန်ရက်စာမျက်နှာများတွင် ဖတ်ရှုရပါသည်။

ထိုဆွေးနွေးချက်များအရ နောင်ပေါ်ပေါက်လာမည့် ပြည်ထောင်စုဝန်ကြီးဌာနများ ပြန်လည်သတ်မှတ်မှု၊ ငွေကြေးလျှော့နည်းသက်သာစေအောင် စဉ်းစားတွက်ချက်ဆောင်ရွက်မှုစသည့်အချက်များနှင့် ပတ်သက်၍ ချိန်ဆသင့်သည့်အချက်များလည်း ရှိနေပါသည်။

ပထမဆုံး စဉ်းစားသင့်သောအချက်မှာ ၂၁ ရာစုကာလတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ အရေးပါမှု ဖြစ်ပါသည်။

ယခင်က ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအမည်ဖြင့် သမားရိုးကျနည်းလမ်းဖြင့်သာ ဆောင်ရွက်ခဲ့ရာမှ နည်းပညာဖွံ့ဖြိုးမှုများနှင့်အညီ အမည်နှင့် ဖွဲ့စည်းမှုပုံစံပြောင်းလဲဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ၂၀၁၁ ခုနှစ်၏ ဆက်သွယ်ရေးအခြေအနေ အဆင့်အတန်းနှင့် ၂၀၁၆ ခုနှစ် ယနေ့ကာလအထိ အခြေအနေအဆင့်အတန်းတို့ကိုနှိုင်းယှဉ်သုံးသပ်ကြည့်ပါက ဝန်ကြီးဌာန၏ အောင်မြင်မှုကို မြင်တွေ့နိုင်ပါသည်။

ခေတ်မီဆန်းသစ်သော သတင်းအချက်အလက်များ လျင်မြန်စွာတိုးတက်ပြောင်းလဲနေသည့်ခေတ်တွင် နိုင်ငံတော်၏ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအပြင် ဆိုက်ဘာမှုခင်းများကြောင့် ဆက်သွယ်ရေးကဏ္ဍသည် စီးပွားရေးသက်သက်သာမဟုတ်တော့ဘဲ နိုင်ငံတော်လုံခြုံရေးနှင့်ပါ သက်ဆိုင်လာပြီဖြစ်ပါသည်။

ထိုအခြေအနေ၌ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနကို ၁၉၈၈ ခုနှစ်မတိုင်မီ နည်းပညာအဆင့်အတန်းအရ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် တွဲဖက်ခဲ့သည့်အတိုင်း ပြန်လည်တွဲဖက်ကျင့်သုံးရန် သင့်/မသင့် ပြန်လည်စဉ်းစားသင့်ပေသည်။

ဒုတိယအချက်မှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအကြောင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားနှင့် ချိန်ထိုးတွက်ဆရလျှင် မြန်မာနိုင်ငံသည် ပင်လယ်ပြင်နှစ်ခုကို ပိုင်ဆိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြစ်ချောင်းအင်းအိုင်များလည်း ပေါများပါသည်။

အထင်ကရဖြစ်သော ဧရာဝတီ၊ စစ်တောင်း၊ ချင်းတွင်း၊ သံလွင်ဟူသည့် မြစ်ကြီးလေးသွယ်မှာ မြောက်မှတောင်သို့စီးဆင်းနေပါသည်။ ရေထု၊ မြေထုနှင့် ကျွမ်းကျင်မှုအားနည်းနေသေးသောလုပ်အားကို မည်ကဲ့သို့ထိရောက်စွာအသုံးပြုမည်ကိုစဉ်းစားတွက်ချက်ပြီး ယခင် အစိုးရအဆက်ဆက်တာဝန်ရှိသူတို့က မွေးမြူရေးနှင့်ရေလုပ်ငန်းကို ဝန်ကြီးဌာနတစ်ခုအဖြစ် သီးခြားဖွဲ့စည်းခဲ့ကြပြီး ၎င်းနှင့်တစ်ဆက်တည်း မွေးမြူရေးတက္ကသိုလ်ကိုတည်ထောင်ကာ လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးလျက်ရှိသည်။

သို့ဖြစ်၍ ယခုအခါ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းမည်ဆိုပါက ထိရောက်မှု ရှိ/မရှိ ပြန်လည်စဉ်းစားသင့်ပါသည်။

တတိယအချက်မှာ ပြည်သူအများစုက ထေရဝါဒ ဗုဒ္ဓဘာသာ ကိုးကွယ်နေသည့် အခြေအနေနှင့် သာသနာရေးဝန်ကြီးဌာန၏ အခန်းကဏ္ဍ ဖြစ်ပါသည်။

ရဟန်းသံဃာ၊ သီလရှင်စုစုပေါင်း ငါးသိန်းခန့်သည် သာသနာ့ဝန်ထမ်းပြီး ပြည်သူအများလိမ္မာယဉ်ကျေးစေရန်၊ သူတော်ကောင်းများဖြစ်လာစေရန် သဒ္ဓါရတနာ၊ ဓမ္မရတနာ၊ သစ္စာရတနာ၊ ပညာရတနာများဖြင့် ဆင်မြန်းပေးလျက်ရှိပါသည်။

ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို အထူးအလေးထားပြီး နိုင်ငံတော်အစိုးရက အားပေးအားမြှောက်ပြုပါဝင်ကြီးကြပ်ပေးရန်လည်း အထူးလိုအပ်သကဲ့သို့ အခြားဘာသာများကိုလည်းကူညီပံ့ပိုးပေးရန် လိုအပ်မည်လည်း ဖြစ်ပါသည်။

ထို့ပြင် ဘာသာပေါင်းစုံစည်းလုံးညီညွတ်ရေးအတွက်လည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ရာ ဝန်ကြီးတစ်ဦးကို သီးသန့်တာဝန်ပေး၍ ဆောင်ရွက်သင့်သည်ဟု အဖြေထုတ်နိုင်ပါသည်။

စတုတ္ထအချက်အနေဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကိုအသေးစိတ်လေ့လာသင့်ကြောင်း မိတ်ဆွေများ၏ ဆွေးနွေးချက်များအရ သိရှိရပါသည်။ ထိုဌာနမှဝန်ထမ်းများသည် ငါးနှစ်တာကာလအတွင်းနေ့၊ ညလုပ်ကိုင်ကြရသည်ဟုဆိုလျှင် အပိုပြောခြင်းမဟုတ်သည်ကို ရှုမြင်နိုင်မည်ဖြစ်ပါသည်။

၎င်းတို့သည် စာရင်းဇယားများမှန်ကန်တိကျရေး၊ နိုင်ငံခြားအကူအညီအထောက်အပံ့များရရှိရန် ညှိနှိုင်းခြင်း၊ စာချုပ်များချုပ်ဆိုရေး monitories/ evaluation များ ဆောင်ရွက်ကြရပါသည်။

ချေးငွေရယူခြင်းများသုံးသပ်ရေး၊ အကောင်အထည်ဖော်ရေး၊ ဖွဲ့စည်းပုံများစိစစ်ရေး၊ အမျိုးသားမော်ကွန်းတိုက်ထိန်းသိမ်းရေးတို့အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့်အာဆီယံ၊ အိုအီးစီဒီ၊ အက်မက်၊ အက်စကက်စသည့်အဖွဲ့ဝင်နိုင်ငံများ၏ လုပ်ငန်းစဉ်များတွင်လည်း ပါဝင်နေသည်ကို ထည့်သွင်းတွက်ချက်ရမည်ဟု ဆိုကြပါသည်။

ပဉ္စမအချက်နှင့် နောက်ဆုံးအချက်မှာ ပြည်သူ့ဘဏ္ဍာငွေကို ခြိုးခြံချွေတာနိုင်ရေးအတွက် အုပ်ချုပ်မှုမဏ္ဍိုင်သာမက ဥပဒေပြုမဏ္ဍိုင်ကိုလည်း ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။

လွန်ခဲ့သည့်ငါးနှစ်တာကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များအတွက်တစ်လလျှင် ငွေကျပ် ၁၀ သိန်းနှင့်အခြားအသုံးစရိတ်ခြောက်သိန်း စုစုပေါင်း ၁၆ သိန်းစီတိုးမြှင့်ထောက်ပံ့ခဲ့သည့် လုပ်ဆောင်ချက်အပေါ် လွှတ်တော်အတွင်း၌လည်းကောင်း၊ ပြည်သူများအတွင်း၌လည်းကောင်း ဝေဖန်မှုများရှိခဲ့သည်ကို မှတ်မိကြဦးမည်ထင်ပါသည်။

ထိုကဲ့သို့ တိုးမြှင့်ခဲ့သည့်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးလျှင် တစ်လအတွက် ငွေကျပ် ၁၆ သိန်းဖြင့် ငါးနှစ်အတွက်သိန်း ၉၆၀ ဖြစ်ရာ ပြည်နယ်/တိုင်းဒေသကြီး ပြည်သူ့ကိုယ်စားလှယ်များအတွက် တွက်ချက်မှုမပါ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ပေါင်း ၄၉၈ ဦးအတွက် ခန့်မှန်းကုန်ကျငွေပေါင်း ၄၇၈၀၈ သန်း (၄၇ ဘီလီယံ)ကို နိုင်ငံတော်နှင့် ပြည်သူများ၏ အခွန်အကောက်ရငွေမှကျခံသုံးစွဲခဲ့ရသည်ဟု ဆိုပါသည်။

ထို့ပြင်လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများစွာအား ကော်မရှင်၊ ကော်မတီများ၌ထည့်သွင်းဖွဲ့စည်းခဲ့သည့်အတွက် တစ်ဦးလျှင်တစ်လ ငွေကျပ် ၁၀ သိန်းနှင့်အခြားစရိတ်နှစ်သိန်း စုစုပေါင်း ၁၂ သိန်းထပ်မံချီးမြှင့်ခဲ့သည့်အတွက် အပိုဆောင်းကုန်ကျမှုများလည်း ရှိခဲ့သည်။

လေ့လာမိသည့်စာရင်းများအရ ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ် လွှတ်တော်အသုံးစရိတ်တွင် ပြည်ထောင်စုလွှတ်တော်မှ သာမန်အသုံးစရိတ်ကျပ် (၁၂၄၉ ဒသမ ၉၅၁)သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် (၄၇၃ ဒသမ ၄၂၀) သန်း စုစုပေါင်းကျပ် (၁၇၂၃ ဒသမ ၃၇၁) သန်းရှိပါသည်။

အလားတူ ပြည်သူ့လွှတ်တော်မှ သာမန်အသုံးစရိတ်ကျပ် (၈၉၃၂ ဒသမ ၉၃၅) သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် (၁၈၉ ဒသမ ၅၅၅)သန်း စုစုပေါင်း ကျပ် (၉၁၂၂ ဒသမ ၄၉၀) သန်းရှိပြီး အမျိုးသားလွှတ်တော်မှ သာမန်အသုံးစရိတ် (၇၆၄၃ ဒသမ ၄၉၂) သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ကျပ် (၄၂ ဒသမ ၅၀၀) သန်း စုစုပေါင်းကျပ်(၇၆၈၅ ဒသမ ၉၉၂) သန်းရှိခဲ့သည်ဟု စာရင်းဇယားများအရ သိရှိရပါသည်။

အလားတူပင် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များအပါအဝင် ကိစ္စအဝဝအတွက် နိုင်ငံခြားသုံးငွေ (၈၀ ဒသမ ၄၄၆) သန်းကိုလည်းသုံးစွဲခဲ့ရာ ဥပဒေပြုရေးကဏ္ဍမှလည်း ခြိုးခြံချွေတာနိုင်သည့် အခွင့်အလမ်းများရှိနေသည်မှာ သေချာလှပါသည်။

သို့ဖြစ်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ လျှော့ချခြင်းကို ဘက်စုံထောင့်စုံမှ ချင့်ချိန်စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါသည်။ လျှော့ချမှုကြောင့် ခြိုးခြံချွေတာနိုင်သလို ဝန်ကြီးဌာနများ၏ စွမ်းဆောင်မှုနှင့် ဝန်ဆောင်မှုများကိုလည်း မထိခိုက်ဖို့လိုအပ်မည် ဖြစ်ပါသည်။

ထို့ပြင် ခြိုးခြံချွေတာရာတွင်လည်း မဏ္ဍိုင်အားလုံးမှ ပါဝင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပထမအကြိမ်လွှတ်တော်ကာလအတွင်းက ဖောင်းပွနေသော ကော်မတီအရေအတွက်များကိုလည်း လျှော့ချဖို့ လိုအပ်မည်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုအစိုးရအဖွဲ့ကို ကျစ်လျစ်ပြီး စွမ်းရည်မြင့်အောင် (Lean and Mean) ဆောင်ရွက်မည်ဆိုသည့် မျှော်မှန်းချက်ကိုကား ကြိုဆိုရမည်ဖြစ်သည်။ ထိုမျှော်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ပကတိအခြေအနေအရ လိုအပ်ချက်နှင့် သမိုင်းနောက်ခံအခြေအနေများကို သဟဇာတဖြစ်အောင် ပေါင်းစည်းနိုင်လျှင် သားရွှေအိုးထမ်းသည့်အခြေအနေကို ရမည်ဟုသာ အကြံပြုလိုက်ရပါသည်။

**မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုအစိုးရအဖွဲ့ကို ကျစ်လျစ်ပြီး စွမ်းရည်မြင့်အောင် (Lean and Mean) ဆောင်ရွက်မည် ဆိုသည့် မျှော်မှန်းချက်ကိုကား ကြိုဆိုရမည်ဖြစ်သည်။ ထိုမျှော်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ပကတိအခြေအနေအရ လိုအပ်ချက်နှင့် သမိုင်းနောက်ခံအခြေအနေများကို သဟဇာတ ဖြစ်အောင်ပေါင်းစည်းနိုင်လျှင် သားရွှေအိုးထမ်းသည့် အခြေအနေ ကို ရမည်ဟုသာ အကြံပြုလိုက်ရပါသည်။**

လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူမှ အဆိုပြုထားသည့် ပြည်ထောင်စုဝန်ကြီး ၁၈ ဦး၏အမည်စာရင်း လွှတ်တော်သို့တင်ပြ

**နေပြည်တော် မတ် ၂၂**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူမှ အဆိုပြုထားသည့် ပြည်ထောင်စုဝန်ကြီးများ၏အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ပါကစ္စတန် နိုင်ငံတို့ထံမှပေးပို့သည့် သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်းတို့ကိုဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ဂျပန်နိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌ မစ္စတာ မာဆားခိယာမဇာခိ၊ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ချိုရှီဟွားနှင့် ပါကစ္စတန် အစ္စလာမ္မစ်သမ္မတနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌ မစ္စတာ မီရန်ရာဇ် ရာဘင်နီတို့ထံမှ ပေးပို့သည့် သဝဏ်လွှာများကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးထင်ကျော်မှ အဆိုပြုထားသည့် ပြည်ထောင်စုဝန်ကြီး ၁၈ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြသည်။

အဆိုပါ ပြည်ထောင်စုဝန်ကြီးများ၏အမည်စာရင်းမှာ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ သူရဦးအောင်ကို၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဦးကျော်ဝင်း၊ ဦးခင်မောင်ချို၊ ဒေါက်တာမြင့်ထွေး၊ ဦးဝင်းခိုင်၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးအုန်းမောင်၊ ဒေါက်တာသန်းမြင့်၊ နိုင်သက်လွင်၊ ဒေါက်တာဖေမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်တို့ဖြစ်သည်။

ထို့နောက် နာယက က အဆိုပြုတင်ပြထားသည့် ပြည်ထောင်စုဝန်ကြီးများအပေါ် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို မတ် ၂၄ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဂျပန်-မြန်မာ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတည်ဆောက်နိုင်ရေးဆွေးနွေး

**နေပြည်တော် မတ် ၂၂**

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်အောင်သည် အာရှဒေသပတ်ဝန်းကျင် ကောင်းမွန်ရေး နည်းပညာပြန့်ပွားမှုအဖွဲ့နှင့် ဂျပန်နိုင်ငံ Kawahara Gakuen Educational Coporation ၏ ဒါရိုက်တာချုပ် Mr. Seiki Kawahara ဦးဆောင်သော အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် (I-13) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ဂျပန်-မြန်မာနှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှု ပိုမိုတည်ဆောက်နိုင်ရေးနှင့် နှစ်နိုင်ငံလွှတ်တော်များသို့ ကိုယ်စားလှယ်များ အပြန်အလှန် သွားရောက်လေ့လာနိုင်ရေးများအပြင် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ မြှင့်တင်ရာတွင် မြန်မာလူငယ်များအား အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များသင်ကြားပို့ချနိုင်ရေး၊ စက်မှုလက်မှု ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသော အောင်ဆန်းစီမံကိန်း (Japan-Myanmar Vocational Training Institute Aung San Project) အား အကောင်အထည်ဖော် ဆောင်ရွက်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၂**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E. Mr. Daniel Zonshine အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးက စာရေးဆရာ Dan Senor နှင့် Saul Singer တို့ ရေးသားထားပြီး စာရေးဆရာ ဦးဟိန်းလတ် ဘာသာပြန်ဆိုထားသည့် “Start Up Nation” စာအုပ်ကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အားလုံးအတွက် ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လက်ခံခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဆရာဝန်အသင်း သင်တန်းပို့ချမည်

**ရန်ကုန် မတ် ၂၂**

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME) မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Public Health, Family Medicine and Research course(2016) သင်တန်းကို ဧပြီ ၂ရက်မှ ဇူလိုင် ၁၆ ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။

သင်တန်းတွင် ပါဝင်ကူညီမည့် ဆေးကုမ္ပဏီများ တွေ့ဆုံဆွေးနွေးလိုပါသဖြင့် မတ် ၂၈ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)သို့ ကြွရောက်ပါရန်နှင့် သင်တန်းတက်ရောက်လိုသော အသင်းဝင် ဆရာဝန်များသည် မတ် ၂၈၊ ၂၉ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီထိ တက်ရောက်မည့်သူကိုယ်တိုင် အသင်းဝင်ကတ်၊ လိုင်စင်ဓာတ်ပုံ သုံးပုံဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)တွင် စာရင်းသွင်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ

**ဟားခါး မတ် ၂၂**

ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၂ ဦး တက်ရောက်ခဲ့ကြသည်။

ယနေ့အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုတင်သွင်းထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီအမည်စာရင်း၊ ပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီ အမည်စာရင်း၊ ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီအမည်စာရင်း၊ ပြည်နယ်လွှတ်တော်၏အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ၊ တိုင်ကြားစာနှင့် အသနားခံစာ စိစစ်ရေးကော်မတီ အမည်စာရင်းများကို ချင်းပြည်နယ်လွှတ်တော်မှ အတည်ပြုမှတ်တမ်းတင်သည်။

အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားပြီး ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မတ် ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက် )**

# ရွှေတိဂုံစေတီတော် တပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



**ရန်ကုန် မတ် ၂၂**

ရွှေတိဂုံစေတီတော် (၂၆၀၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကြီးကို ၁၃၇၇ ခုနှစ် တပေါင်းလဆန်း ၆ ရက်မှ တပေါင်းလပြည့်နေ့ထိ (မတ် ၁၄ ရက်မှ မတ် ၂၃ ရက်ထိ) ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာဟုဆိုအပ်သော ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပပူဇော်လျက်ရှိသည်။

သံဃာ့ပူဇာအနေဖြင့် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော သံဃာတော် ၉၈ ပါးနှင့် သီလရှင် ၂၇ ပါး စုစုပေါင်း ၁၂၅ ပါးတို့အား ပင့်ဖိတ်၍ ရွှေတိဂုံစေတီတော်ရင်ပြင်တစ်ပတ် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင်ကျင်းပရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့် စေတနာသဒ္ဓါတရားထက်သန်ကြသည့် အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့ ဗုဒ္ဓဟူးနေ့တွင် စတင်တည်ခဲ့သည်။ မြန်မာလများတွင် (၁၂)ကြိမ်မြောက်လသည် တပေါင်းလပင်ဖြစ်သည်။ တပေါင်းလသည် ဆောင်းတစ်ဝက်၊ နွေတစ်ဝက်လဖြစ်၍ နေပူလို ညချမ်း၊ တပေါင်းလသရမ်းဟု ဆိုစမှတ်ပြုခဲ့ကြသည်။ ၂၇ လုံးသော နက္ခတ်များ စုပေါင်းထွက်ပေါ်ခြင်းကြောင့်လည်းကောင်း၊ ထန်းရည်များ ပေါင်းစပ်ကျိုချက်သဖြင့် 'ထန်းပေါင်း' ဟူသောစကားမှ ရွေ့လျားလာခြင်းကြောင့် လည်းကောင်း တပေါင်းလဟု ခေါ်တွင်သည်ဟုဆိုခဲ့ကြသည်။ တပေါင်းလသည် ဆောင်းကြွင်း နွေဦးလဖြစ်ကာ သစ်ပင်များမှ ရွက်ဟောင်းများစွန့်၍ ရွက်သစ်လွန်ကာ အညွန့်အညှောက်ပေါ်ထွက်ခြင်းဖြင့် တင့်တယ်လှပခဲ့သည်။ ထို့ကြောင့် တပေါင်းသာခေါင်း လများနောင်ဟူသော စကားသည် မြန်မာတို့နှုတ်ဖျားတွင် တာစားနေခဲ့ခြင်းဖြစ်ပေသည်။

တပေါင်းလတွင် မြစ်ချောင်းများ ရေစစ်ကာ သဲသောင်ခုံပြင်များ ပေါ်ထွန်းသဖြင့် သဲပုံစေတီပွဲကျင်းပလေ့ရှိခဲ့သည်။ အင်းဝခေတ်ပန်းချီလက်ရာများတွင် တပေါင်းလ သဲပုံစေတီပွဲကျင်းပပုံ ရိုးရာစဉ်လာပွဲကို တွေ့ခဲ့ရသည်ဟု သိရှိခဲ့ရသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေတိဂုံစေတီတော် တပေါင်းပွဲတော်ကို တပေါင်းအလှ တပေါင်းကျက်သရေတို့နှင့်အတူ နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၂၆၀၄) ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုကိုဇော်၊ ဓာတ်ပုံ-ဇော်မင်းလတ်**




# လော်ကားရေပိုက်လိုင်းပြင်ဆင်ပြီး၍ ရေများပြန်လည်ပေးဝေ

**ရန်ကုန် မတ် ၂၂**

ရန်ကုန်မြို့တွင်းရှိ မြို့နယ်များသို့ လော်ကားရေလှောင်ကန်မှ ရေပေးပို့သော ၆၆ လက်မ ပိုက်မကြီးသည် မတ် ၂၀ ရက် နံနက် ၂နာရီခန့်က မရမ်းကုန်းမြို့နယ် နဝဒေးမှတ်တိုင်အနီး အုတ်ပုံဆိပ်လမ်း ဇေယျာသီရိဗိမာန်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဖြတ်သန်းသောရေပိုက်လိုင်းတွင် ရေဖိအားပြင်းအားဒဏ်ကြောင့် ကွန်ကရစ်ပိုက်လိုင်းချို့ယွင်းသွားပါသဖြင့် ပြည်သူများအချိန်ကြာမြင့်စွာ ရေပြတ်လပ်မှုမရှိစေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လူအား၊ ငွေအား၊ စက်ယန္တရားအားများ အသုံးပြု၍ တာဝန်ရှိသူများက နေ့ ည အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ရာ ရေပိုက်လိုင်းပြင်ဆင်မှု သတ်မှတ်ရက်ထက်စော၍ပြီးစီးခဲ့သဖြင့် တပေါင်းလပြည့်နေ့မတိုင်မီ မတ် ၂၂ ရက် ညနေ ၄ နာရီတွင် ရေများပြန်လည်ပေးဝေခဲ့ကြောင်း သိရသည်။ **(စောသိန်းဝင်း)**

# အကျဉ်းထောင်နှင့် အချုပ်ခန်းများ ကြည့်ရှုစစ်ဆေး

**သရက် မတ် ၂၂**

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ဦးစိန်ထွန်းသည် မကွေးတိုင်းဒေသကြီး တရားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်လှ၊ သရက်ခရိုင်တရားသူကြီးနှင့် ဒုတိယခရိုင်တရားသူကြီးတို့ လိုက်ပါလျက် ယနေ့ နံနက်က သရက်မြို့မရဲစခန်းကို စစ်ဆေးခဲ့သည်။

ထို့နောက် သရက်အကျဉ်းထောင်သို့သွားရောက်ပြီး မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က သရက်အကျဉ်းထောင်ရှိ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်တရားခံများနှင့်တွေ့ဆုံ၍ နေထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေး အခြေအနေတို့ကိုမေးမြန်းခဲ့ပြီး ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများခံစားရမှု ရှိ၊ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားနှိပ်စက် ညှင်းပန်းခံရမှုများ ရှိ၊ မရှိ၊ အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှု ရှိ၊ မရှိ မေးမြန်းပြီး အကျဉ်းထောင်အတွင်းအဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# မန္တလေးမြို့ မင်္ဂလာဈေး မီးလောင်မှုဖြစ်ပွား

**မန္တလေး မတ် ၂၂**

မန္တလေး ချမ်းအေးသာစံမြို့နယ် (၇၂-၇၃) လမ်းကြားနှင့် (၃၀-၃၁) လမ်းကြားရှိ မင်္ဂလာဈေးမှာ ယနေ့ ညနေ ၅ နာရီခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ မီးလောင်ရာသို့ ဗဟိုမီးသတ်အပါအဝင် မန္တလေးခုနစ်မြို့နယ်အတွင်းရှိ မီးသတ်အစီးရေ ၇၀ ကျော်၊ အဆင့်မြင့် မီးသတ်ယာဉ်နှစ်စီး၊ မီးသတ်အင်အား ၁၆၀ ကျော်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်သော်လည်း မီးလောင်မှု အင်အားမှာ level 7 ကျော်ရောက်ရှိနေသဖြင့် မီးငြိမ်းသတ်ရာတွင် အခက်အခဲများဖြစ်ပေါ်လျက်ရှိသည်။

ကနဦးသတင်းများအရ မင်္ဂလာဈေး ပိတ်သိမ်းချိန် ဈေး၏တောင်ဘက်အခြမ်းအပေါ်ထပ်မှ စတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ မီးငြိမ်းသတ်ရာတွင်လည်း မီးသတ်တပ်ဖွဲ့များအပြင် ပြည်သူများပါ ပူးပေါင်းပါဝင်ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။



မီးလောင်ရာတွင် ဝိုင်းဝန်းငြိမ်းသတ်နေသော မီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် မန္တလေး အထွေထွေ ရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသပေးလျက်ရှိပြီး မစိုးရိမ်ရကြောင်း သိရသည်။

မီးလောင်မှုကို ညပိုင်း ၉ နာရီ ၄၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး အတွင်းပိုင်း မီးကြွင်းမီးကျန်များကို ဆက်လက်ငြိမ်းသတ်နေဆဲဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားခဲ့သော မင်္ဂလာဈေးသည် မန္တလေးချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ် အကွက်အမှတ် (၇၃၉) တွင်တည်ရှိပြီး ရတနာပုံခေတ် မူလဈေးကြီး ၂၈ ဈေးတွင် တစ်ဈေးအပါအဝင်ဖြစ်သည်။ မူလက ကျော်မိုးတံခါး (မင်္ဂလာတံခါး) အနီးရှိ ယခင်ပြည်တော်သာတိုက်တန်းဝင်းနေရာ၌ ရှိခဲ့သည်။ ထို့နောက် လက်ရှိနေရာဖြစ်သော ဆင်တော်သည်များဝင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၄၇ ခုနှစ်တွင် မြို့ပိုင်ဦးကြင်က ကိုယ်ပိုင်ဈေးအဖြစ် ဖွင့်လှစ်ခဲ့သည်။

ထို့နောက် စည်ပင်သာယာဈေးအဖြစ် ၁၉၉၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၈ ခုနှစ် မတ် ၂၆ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။ လက်ရှိဈေးသစ်တွင် မြေညီထပ်၌ ဆိုင်ခန်း ၃၇၀၊ ပထမထပ်၌ ၂၆၄ခန်း၊ ဒုတိယထပ်၌ ၂၃၂ခန်းရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**
**မင်းထက်အောင်(မန်းကိုယ်ပွား)**

**သင့်ကြောင့် မီးမလောင်ပါစေနှင့်။**

# ခိုးမှု၊ လုယက်မှုကျူးလွန်ကြောင်း သတင်းရရှိထားသူအား ဖမ်းဆီးစစ်ဆေးရာမှ ဆိုင်ကယ် သုံးစီး ခိုးယူလုယက်ခဲ့မှု ထပ်မံပေါ်ပေါက်

**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခိုး၊ ဆိုး၊ လုယက်မှုများ၊ အုပ်စုဖွဲ့၍ ပြစ်မှုကျူးလွန်သူများ၊ ထိရောက်သောကြိုတင်ကာကွယ်မှုများ၊ ပြေးလေးပြေးများနှင့် မဟာသင်္ကြန်ပွဲတော် အကြိုကာလတွင် ခါးပိုက်နှိုက်သူများအား ဖမ်းဆီးရမိရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့များအလိုက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ မတ် ၈ ရက် ညနေ ၄ နာရီခွဲတွင် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနမှ တပ်ဖွဲ့ဝင်များနှင့် မင်္ဂလာဒုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် အေးသာယာရပ်ကွက် အေးသာယာ(၇)လမ်းပေါ်တွင် လုယက်မှုကျူးလွန်ထားကြောင်း သတင်းရရှိထားသူ အောင်ကိုမင်း(၂၇)နှစ်အား အရိုးအသွား ၂၅ လက်မခန့်ရှိ ငှက်ကြီးတောင်ဓား တစ်ချောင်းနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အောင်ကိုမင်းအား အခြား ခိုးမှု၊ လုယက်မှုများနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်းက မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ရွှေနံ့သာစံပြကျေးရွာကျွန်းရွှေဝါလမ်း နီလာမှတ်တိုင်အနီးမှ FEKON အမျိုးအစား ကျောက်စိမ်းရောင်ဆိုင်ကယ် တစ်စီး၊ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ဈေးရပ်ကွက် ရတနာဈေးရှေ့မှ ZHINENG SMARH အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီးအား ခိုးယူရောင်းချထားကြောင်း ပေါ်ပေါက်ခဲ့သည်။

အလားတူ မတ် ၈ ရက် နံနက် ၁ နာရီခန့်တွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုလဲမြို့သစ် အေးသာယာလမ်း ကျောက်ခွဲစက်မှတ်တိုင်အနီးမှ အသက်(၂၅)နှစ်ခန့်ရှိ အမျိုးသားတစ်ဦးထံမှ JLM အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီးအား ဓားထောက်လုယူထားခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်များအရ သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ အောင်ကိုမင်းအား သက်ဆိုင်ရာရဲစခန်းများ၌ အမှုများအသီးသီးရေးဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# တပေါင်းသာခေါင် လမျိုးနောင်

ပန်းတောင်း သန်းကြွယ်

**"ရှစ်ခွင်တိုင်း၊ မှုန်မှိုင်းတဲ့ပတ်လည်။**
**သဇင်ကြွင်းငယ်နှင့်၊ အင်ကြင်းသန္တာညွန့်ငယ်တို့**
**ဖူးကွန့်ကိုက်စည်။**
**ဘမရာရွှေပိတုန်းငယ်တို့၊ ခြွေသုံးကြဝတ်ရည်**
**ဆွတ်ကြည်ဖွဲ့ဖော်ကွဲ။**
**ယင်းသည့်နေ့ဆိုင်၊ ရသေ့သူတော်တိုင်မှ၊**
**ညဏ်မခိုင်ဈာန်ယိုင်လျှောရတယ်၊**
**ရာသီတွင် စာညီပြောပေပ၊ ကျော၍သာမြဲ။"**

ဦးကြင်ဥ

တပေါင်းလမှာ မြန်မာလများ၏ ၁၂ လမြောက်ဖြစ်သည်။ တပေါင်းလ၏ ပထမလဝက်သည် ဆောင်းရာသီ၌ပါဝင်၍ ဒုတိယလဝက်သည် နွေရာသီစတင်သည့် အချိန်ကာလဖြစ်သည်။ တပေါင်းလသည် ဆောင်းတစ်ဝက်၊ နွေတစ်ဝက်လဖြစ်၍ နေ့အခါ အနည်းငယ်အပူရှိန်တိုးလာပြီး ညအခါ၌မူ အေးမြသည်။ ရှေးလူတို့က" နေ့ပူညချမ်း၊ တပေါင်းလသရမ်း" ဟုဆိုစမှတ်ပြုကြသည်။

စင်စစ်အားဖြင့် တပေါင်းလမှာ ဆောင်းအကုန်နွေအကူးဝယ် အထူးသာယာလှပသော ရာသီဖြစ်သည်။ အင်းဝခေတ် စာဆိုရှင်အုန်းညိုက "သာသည်ညှင်းညှင်း၊ မြောက်လေကြွင်းနှင့်၊ ဆီးနှင်းမကုန်၊ ပူဟုန်မသည်း ပျံ့ပျံ့ဖြည်းသာ" ဟု ဖွဲ့ဆိုခဲ့သည်။ ရဟန်းစာဆိုအကျော် ရှင်ဥတ္တမကျော်ကလည်း သူ၏တောလားကဗျာကြီး၌ တပေါင်းလသာယာပုံကို "လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သိဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသာ" ဟု ချီးကျူးဖွဲ့ဆိုခဲ့သည်။

ခါနွေဆန်းစ ဤကာလတွင် ဝန်းကျင်တစ်ခွင်ရှိ သစ်ပင်ပန်းပင်အပေါင်းတို့မှာ ရွက်ဟောင်းတို့ကြွေ၍ ရွက်သစ်တို့ဝေကြသည်။ ကြည့်မြင်လေရာတွင် စိမ်းလန်းစိုပြည်၍ အထူးသာယာနေပါသည်။ "တပေါင်းလည်းကူး၊ မိုးသားကျူး" ဟူသော ရှေးလင်္ကာအတိုင်းပင် မိုးလေမိုးတိမ်တို့သည် ဟိုမှသည်သို့ တရိပ်ရိပ်ပြေးလွှားဆော့ကစားနေတတ်သည်။ တစ်ခါတစ်ရံ၌မူ ရွာတော့မလို၊ ပြိုတော့မယောင်နှင့် တစ်ခဲနက်စုရုံးနေတတ်သည်။ ရှစ်ခွင်တိုင်း မှုန်မှိုင်းနေတတ်သော မိုးတိမ်များကြောင့် ရှုမြင်ရသူတို့မှာ လွမ်းမောဖွယ်ဖြစ်ကြရသည်။

တပေါင်းကို ပုဂံခေတ်ကျောက်စာများ၌ "တပေါင်"ဟုရေးထိုးခဲ့ကြပြီး အင်းဝခေတ်တွင် "တပေါင်း"ဟု ရေးသားလာကြသည်။ ၂၇လုံးသော နက္ခတ်များစုပေါင်းထွက်ပေါ်ခြင်းကြောင့်လည်းကောင်း၊ ထန်းရည်များ ပေါင်းစပ်ကျိုချက်သဖြင့် ထန်းပေါင်းဟူသောစကားမှ ရွေ့လျားလာခြင်းကြောင့်လည်းကောင်း တပေါင်းလဟုခေါ်တွင်ကြောင်း ပြောစမှတ်ပြုကြသည်။

ဗေဒင်အလိုအားဖြင့်မူ တပေါင်းလသည် မိန်ရာသီဖြစ်သည်။ ရာသီရုပ်မှာ ငါးနှစ်ကောင်ဖြစ်သည်။ ရာသီပန်းကား သရဖီပန်းဖြစ်သည်။ တပေါင်းလ၌ နံနက် ၆နာရီ ၁၀မိနစ်တွင် နေထွက်၍ ညနေ ၅ နာရီ မိနစ် ၅၀ တွင် နေဝင်သည်။ နေ့တာအနည်းငယ်တိုပြီး ညတာရှည်သည်။ မပူလွန်း မအေးလွန်းသော၊ အလွန်နေလို့ ထိုင်လို့ကောင်းသော လရာသီဖြစ်သည်။

တပေါင်းလတွင် မြစ်များ၊ ချောင်းများရေစစ်ကာ သဲသောင်ခုံများပေါ်ထွန်းလာကြသဖြင့် သဲပုံစေတီတည်သော ရာသီပွဲတော်များ ကျင်းပလေ့ရှိကြောင်း ရှေးစာပေဟောင်းများတွင် ဖော်ပြကြသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ ထွန်းကားလာချိန်မှစ၍ ပေါ်ပေါက်ခဲ့သော ပွဲတော်ဟုယူဆကြသည်။ အင်းဝခေတ်စာဆိုအကျော် ရှင်မဟာသီလဝံသဖွဲ့ဆိုသည့် ဗုဒ္ဓါပ္ပတ္တိပျို့ တပေါင်းလဘွဲ့တွင် "ငါးတန် ငါးကြင်း၊ ရွှေတသင်းတို့၊ မြစ်တွင်းမြူးပျော်၊ ဇင်ယော်မြစ်တွေး၊ ချစ်သံလေးနှင့်၊ ရေကျေးရေငှက်၊ စက္ကဝါက်ဟသ်ာ၊ ငှက်တကာလည်း၊ ဘာသာကျူးကျော်၊ မြူးပျော်ကြတုံ၊ ငွေသောင်ခုံဝယ်၊ သဲပုံစေတီ၊ ပွဲတော်ပြီတည်း"ဟုရေးသားစပ်ဆိုခဲ့သည်။ မြန်မာဘုရင်များလက်ထက်က ခြိမ့်ခြိမ့်သဲစည်ကားခဲ့သော သဲပုံစေတီပွဲတော်သည် မြန်မာဘုရင်များမရှိတော့သည့်နောက်ပိုင်း မှေးမှိန်လာခဲ့ပြီး တပေါင်းလပြည့်နေ့ဝန်းကျင်တွင် ဘုရားပွဲတော်များကျင်းပသည့် ဓလေ့များ ပေါ်ပေါက်လာခဲ့သည်။ ထိုဘုရားပွဲတော်များကိုပင် "တပေါင်းပွဲတော်" ဟု သတ်မှတ်ခေါ်ဝေါ်လာကြသည်။



သာသနာတော်အလိုအားဖြင့်မူ တပေါင်းလပြည့်နေ့ကို "ဗုဒ္ဓမြတ်စွာပြည်တော်ဝင်အခါတော်နေ့" အဖြစ် သတ်မှတ်ကျင်းပကြသည်။ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး၍ အင်္ဂတိုင်းနှင့် အဂဝတိုင်းတို့မှ ဒါယကာ၊ ဒါယိကာမများအား တရားရေအေးတိုက်ကျွေးလျက်ရှိသည်။ ထိုသတင်းကိုကြားသိသော ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ခေါင်းဆောင်အမတ်ကြီးဆယ်ဦးကို နောက်ပါအခြံအရံတစ်ထောင်စီဖြင့် ရာဇဂြိုဟ်သို့ ဘုရားပင့်ရန် စေလွှတ်တော်မူသည်။

ဘုရားပင့်သွားသော အမတ်ကြီးဆယ်ယောက်နှင့်အတူ နောက်ပါအခြံအရံတစ်သောင်းတို့သည် ဘုရားတရားနာရ၍ ရဟန္တာဖြစ်ကုန်ကြသည်။ နောက်ဆုံးအသုတ်ကို ဦးဆောင်သွားသော ကာဠုဒါယီအမတ်ကြီးမှာ ရဟန္တာဖြစ်ပြီးနောက် နွေဦးအစ တပေါင်းလအခါသမယတွင် လမ်းခရီး၏သာယာပုံ၊ ရာသီဥတုမျှတပုံ၊ ခမည်းတော်၏ကျေးဇူးကို သိသောအားဖြင့် ဖွားရာဇာတိကပိလဝတ်နေပြည်တော်သို့ ကြွချိန်တန်ပုံတို့ကို ဂါထာပေါင်း ၆၄ ဂါထာဖြင့် သီကုံးကာ လျှောက်ထားလေသည်။ ထိုနေ့မှာ တပေါင်းလပြည့်နေ့ပင်ဖြစ်သည်။ ကာဠုဒါယီလျှောက်ထားသော ဂါထာပေါင်းမှာ ၆၄ ဂါထာ ဖြစ်သော်လည်း ခေါ်ရလွယ်အောင် ဂါထာ ၆၀ ပျို့ဟု ခေါ်ကြသည်။

အင်းဝခေတ်စာဆိုအကျော် ရှင်အုန်းညိုက ပျို့လင်္ကာဖြင့် ဂါထာ ၆၀ ပျို့ဟု မှတ်တမ်းတင်ကာ သီကုံးရေးဖွဲ့ခဲ့သည်။

**"ဤအခါကား၊**
**ဟေမာချမ်းဆောင်း၊ ကြွလဲပြောင်းသား**
**တပေါင်းနွေလ၊ ဂိမ္ဘာနဟု**
**သာလှပျော်မွှ၊ သည်ရေတု၌**
**ညွန့်နုဆဲဆဲ၊ မီးလျှံခဲသို့**
**ရဲရဲပြောင်ပြောင်၊ တောကုန်အောင်လည်း**
**ပွင့်ရောင်တိချည်း၊ ဖြစ်ပေါ်တည်း၏**
**ခမည်းတော်ဟောင်း၊ ပြည်တော်ဟောင်းသို့**
**ဖူးပေါင်းစိမ့်ငှာ၊ တောင်းပန်ထွာသည်**
**သွားခါကာလ၊ တန်ပါပြီဘုရား။"**

ရှင်အုန်းညို

ယင်းသို့လျှောက်ထားချက်အရ မြတ်စွာဘုရားသည် ရဟန္တာအရှင်သူမြတ်ပေါင်း နှစ်သောင်းခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်တွင် ရာဇဂြိုဟ်ပြည်မှ ယူဇနာ ၆၀ ကွာဝေးသော ကပိလဝတ်နေပြည်တော်သို့ တစ်နေ့လျှင် တစ်ယူဇနာခရီးဖြင့် ရက်ပေါင်း ၆၀ တိုင်တိုင် နှစ်လကြာမျှ ဒေသစာရီ ကြွချီတော်မူခဲ့လေသည်။

ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူခြင်းကြောင့် နိဂြောဓာရုံကျောင်းကြီး ပေါ်ပေါက်လာသည်။ ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောတော်မူရသည်။ မဟာဓမ္မပါလဇာတ်တော်ကြီးကို နာကြားရသော ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အနာဂါမ်တည်လေသည်။ နောင်အခါ အရဟတ္တဖိုလ်ဆိုက်လေသည်။ အလားတူပင် မိထွေးတော်ဂေါတမီလည်း သောတာပန်တည်လေသည်။ ယသော်ဓရာကိုအကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကို ဟောတော်မူရသည်။ ညီတော်နန္ဒမင်းသားကို ရဟန်းပြုပေးရသည်။ သားတော်ရာဟုလာ သာမဏေဘဝကိုရရှိသည်။ သာကီဝင်မင်းသားတစ်ထောင်တို့လည်း ရဟန်းဘောင်သို့ ရောက်ရှိလေသည်။ ဆွေတော်မျိုးတော်တို့အား ဘုရားရှင်ကို ကြည်ညိုစေရန် အားထုတ်ရာ၌ အမြတ်ဆုံးဖြစ်သော ကာဠုဒါယီမထေရ်အား "ကုလပ္ပသာဒကာနံ" ဘွဲ့ကို ဘုရားရှင်က ချီးမြှင့်တော်မူလေသည်။

သာယာဖွယ်ပေါင်း၊ စုကာလောင်းသည့်၊ တပေါင်းမာသ၊ ခါကာလကား ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ သဲပုံစေတီပွဲ၊ တပေါင်းလဘုရားပွဲ၊ မြတ်ဗုဒ္ဓပြည်တော်ဝင်အခါတော်နေ့ပွဲများဖြင့် စည်ကားသိုက်မြိုက်လှသည့် သာယာချမ်းမြေ့ဖွယ်၊ နှစ်သက်မြတ်နိုးဖွယ်၊ ဆွတ်ပျံ့သာမောဖွယ် ကောင်းလှသော အခါသမယကြီးဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

# သိုက်စာဖတ်သကဲ့သို့ ကြမ္မာရဟတ် တစ်ပတ်လည်နေဦးမည်

သီလဝသား

ပူပြင်းခြောက်သွေ့သော ရာသီမရောက်မီ ကြိုတင်ကာကွယ်သောအားဖြင့် သစ်ပင်စိုက်ပျိုးရန် ဝါသနာထုံသော စာရေးသူအဖို့ အရိပ်ရသစ်ပင်ကြီးများ ကြိုတင်စိုက်ပျိုးခဲ့ပါသည်။ ယခုလည်း စိုက်ပျိုးနေဆဲပါ။ ငှက်ပျောခြံစိုက်ပျိုးပြီးအောင်မြင်နေသော လူငယ်တစ်ဦး၏ အကူအညီဖြင့် စိုက်ပျိုးခဲ့ပါသည်။ မိမိအိမ်ရှေ့၌လည်းကောင်း၊ အခြေခံပညာမူလတန်းကျောင်း ဝန်းကျင်၌လည်းကောင်း စွမ်းအားရှိသမျှ ယင်းလူငယ်၏ အကူအညီဖြင့် စိုက်ပျိုးခဲ့ပါသည်။ ယနေ့မိမိအိမ်ရှေ့နှင့် ရပ်ကွက်အတွင်း၊အပြင် အခြေခံပညာမူလတန်းကျောင်းတို့၌ ရွက်သစ်တဝေဝေနှင့် စိမ်းစိုနေသော သစ်ပင်ပျိုများကိုကြည့်ရင်း အယ်နီညိုကိုပင် မေ့သွားပါတော့သည်။

ပူပြင်းခြောက်သွေ့မှုကို မည်သည့်သတ္တဝါမှ မခံစားနိုင်ပါ။ နေမွန်းမတည့်မီအချိန်၌ပင် အိမ်မွေးတိရစ္ဆာန်များ၊ လမ်းဘေးတိရစ္ဆာန်များသည် အရိပ်အာဝါသရှိရာသို့ ဝင်ရောက်ကာ ခိုလှုံနေကြပြီဖြစ်ပါသည်။ သီလဝသားအနေဖြင့် ပင်စင်စားတစ်ဦးဖြစ်သကဲ့သို့ ခွန်နှင့်အားနှင့်လုပ်ကိုင်နိုင်သော အနေအထားမရှိသည်မှာလည်း ဘဝပေးအကျိုးမကောင်းလို့ပင် ဆိုနိုင်ပါသည်။ ထို့အတွက် ငှက်ပျောစိုက်လူငယ်လေး၏ အကူအညီရယူပြီး ဝါသနာပါရာ သစ်ပင်စိုက်ပျိုးခဲ့ပါသည်။ ယနေ့ အခြေအနေမှာ ရာသီဥတုကို အန်တုနိုင်သည့် အနေအထားကိုရရှိနေပြီး ရေလောင်းပေါင်းသင် လုပ်ကိုင်စရာရှိသည်များကို ယင်းလူငယ်လေးက အခါမလပ် အကူအညီပေးခဲ့ပါသည်။

တစ်နေ့ မျက်နှာမကောင်းစွာဖြင့် ရောက်ရှိလာသော ယင်းလူငယ်လေးကို ဖြစ်စဉ်သိလိုသဖြင့် မေးမြန်းစုံစမ်းမိရာ ခြံအတွင်း ရင့်မှည့်နေသော ငှက်ပျောခိုင်များအား ခိုးယူအခုတ်ခံရကြောင်းနှင့် ငှက်ပျောဖူးများကိုလည်း အပင်လှဲ၍ ခုတ်ယူသွားကြောင်း ပြောပြပါသည်။ ယင်းငှက်ပျောခြံသည် သုံးဧကခန့်ကျယ်ဝန်းပြီး ကျေးရွာကြီးတစ်ရွာ၏ မနီးမဝေးတွင် တည်ရှိနေသကဲ့သို့ သွားလာရေးလွယ်ကူသော ကွန်ကရစ်လမ်းမကြီး၏အနီးတွင် တည်ရှိသော ခြံကြီးလည်းဖြစ်ပါသည်။ တစ်ဆက်တစ်စပ်တည်း သိရသည်မှာ ယင်းကဲ့သို့ ခိုးယူသောသူများမှာ ရွာအတွင်းရှိ လက်ကြောတင်းအောင် အလုပ်မလုပ်သောသူများ၊ လောင်းကစားဖြင့်အချိန်ကုန်နေပြီး အချောင်နေ၊ အချောင်စားလုပ်နေကြသူများဖြစ်ကြောင်း ကြားသိရပါသည်။

စာရေးသူ ဝန်ထမ်းငယ်ဘဝ၌ မအူလေးပင်ရွာမှ ဘကြီးဦးဘိုးဂံကို သွားပြီးသတိရမိပါသည်။ ဘကြီး ဦးဘိုးဂံသည် ရှေးထုံးလည်းမပယ်၊ ဈေးသုံးလည်းမကြွယ်ခဲ့သော ရှေးရိုး အဘိုးကြီးတစ်ဦးဖြစ်သော်လည်း ပညာဉာဏ်ဗဟုသုတပြည့်စုံသောပုဂ္ဂိုလ်တစ်ဦးဟု ဆိုလျှင်မမှားပါ။ မျှစ်ချဉ်သိပ်သောလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လျက်ရှိသော ဘကြီးဦးဘိုးဂံမှာ လုပ်သားရှားပါးမှုဒဏ်ကို အမြဲခံရပါသည်။ လုပ်သားများမှာလည်း ပေါ်ပင်အလုပ်ကောင်းသည်ဆိုလျှင် ယင်းအလုပ်သို့ကူးပြောင်းပြီး လုပ်ကိုင်ကြကာ အဆင်မပြေသည့်အခါ ဦးကြီးထံပြန်ရောက်ကြပြန်ပါသည်။ အဆင်မပြေ၍ ပြန်ရောက်လာကြသော အလုပ်သမားများကို အမြဲဆုံးမသောစကားကို စာရေးသူကြားခဲ့ရပါသည်။

"မင်းတို့ဟာက သိုက်စာဖတ်ရာ ဥစ္စာရနိုးနိုး၊ ဆေးစာဖတ်ရာ ရောဂါပျောက်နိုးနိုးဖြစ်နေပြီ။ ဘယ်အလုပ်မဆို ဇောက်ချပြီးလုပ်ရင် ထမင်းလည်းမငတ်နိုင်သလို ကြွေးလည်းရတာပေါ့ကွာ"ဟူသော စကားကို ယခုပင်ကြားနေရသကဲ့သို့ရှိနေပါသည်။

ယနေ့ အချိန်တွင် ပြောင်းလဲတိုးတက်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ သို့သော် ဖခင်ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်မှာလမ်းညွှန်မှုအရ ပဒေသာပင် မြေကပေါက်မလာနိုင်ပါ။ မိမိတတ်ကျွမ်းနားလည်သောပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုလျှင် နိုင်ငံတော်ကိုလည်း အကျိုးပြုရာရောက်သကဲ့သို့ မိမိမိသားစုကိုလည်း သမ္မာအာဇီဝဖြင့် လုပ်ကိုင်ကျွေးမွေးရာရောက်မည်ဟုလည်း သီလဝသား ယုံကြည်မိပါသည်။ ယနေ့ စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေသူများမှာ နေ့မီးညမီးဆက်၍ ရှာဖွေစားသောက်နေကြရသော်လည်း တန်းစေ့ရုံသာရှိနေပါသည်။ ယင်းအနေအထားကို အကြောင်းပြုလျက် တစ်ဦးပေါ်တစ်ဦး လိမ်ညာလှည့်ဖြားလျက် စီးပွားရှာနေခြင်း၊ ဥပဒေကို လက်တစ်လုံးခြားလုပ်လျက် ဥပဒေကိုကျော်ခိုင်းကာ စီးပွားရှာနေကြခြင်း၊ နီးစပ်ရာခင်မင်ရာ ပုဂ္ဂိုလ်များထံ ဆည်းကပ်လျက် ကိုယ်ကျိုးစီးပွား အဓိကထား ဦးတည်လျက် စီးပွားရှာနေခြင်းတို့သည် သိုက်စာဖတ်သကဲ့သို့၊ ဆေးစာဖတ်သကဲ့သို့သာ ရနိုးနိုး၊ ပျောက်နိုးနိုးဖြင့်သာ ကြမ္မာရဟတ်တစ်ပတ်လည်နေဦးမည်သာဖြစ်ကြောင်း သီလဝသား ခံစားယုံကြည်မိပါသည်။ ။

# အပူချိန်မြင့်မားမှုကို စောင့်ကြည့်မှုများပြုလုပ်၍ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်မည်

**ရန်ကုန် မတ် ၂၂**

အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထူးခြားအပူချိန်ကို စောင့်ကြည့်မှုများပြုလုပ်၍ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဟာရင်နိုင်တီယမ်းက ပြောကြားသည်။

"၂၀၁၀ ခုနှစ်မှာ အားအသင့်အတင့်ရှိတဲ့ အယ်နီညိုဖြစ်ပေါ်တုန်းက မြန်မာနိုင်ငံမှာရှိတဲ့ မိုးလေဝသတိုင်းထွာရေးစခန်း ၂၅ ခုလောက်မှာ အပူချိန် စံချိန်တင်ခဲ့တယ်။ အဓိကအားဖြင့် ဧပြီနဲ့ မေမှာ တိုးခဲ့တာပါ။ အခုနှစ်မှာတော့ အလွန်အားကောင်းတဲ့ အယ်နီညိုဖြစ်တဲ့အတွက် ဒီထက်ပိုလာမလားဆိုတာ စိုးရိမ်နေပါတယ်။ အခုနွေရာသီကာလ ဧပြီနဲ့ မေလမှာ ပိုလာမယ့်အပူချိန်ကို သတိထားစောင့်ကြည့်ပြီး ထူးခြားမှုကို အချိန်နဲ့တစ်ပြေးညီ သတင်းထုတ်ပြန်ပေးသွားမှာပါ"ဟု ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနတွင် ပြုလုပ်သည့် (၆၆)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ၎င်းကပြောကြားခြင်းဖြစ်သည်။

မတ် ၂၀ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် ယခင် အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း ၃၈ ဒသမ ၇ ဒီဂရီစင်တီဂရိတ် ကို ကျော်လွန်၍ အပူချိန်စံချိန်သစ်အဖြစ် ၃၉ ဒသမ ၀ ဒီဂရီစင်တီဂရိတ်အထိမြင့်တက်ခဲ့သည့်အတွက် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခဲ့သည်။ ယင်းအပူချိန်မှာ ထားဝယ်မြို့ မိုးလေဝသတိုင်းတာရေးစခန်း ဖွင့်လှစ်ခဲ့သည့်နှစ်မှစ၍ နှစ်ပေါင်း ၇၀ အတွင်း အမြင့်မားဆုံးအပူချိန်ဖြစ်ကြောင်း သိရသည်။

ထို့အတူ အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူချိန်မြင့်မားလာမှုကို ပြည်သူများသိရှိနိုင်ရန် နိုင်ငံတစ်ဝန်းရှိ အလိုအလျောက် မိုးလေဝသတိုင်းထွာရေးကိရိယာ ၃၀ မှ စောင့်ကြည့်မှုများပြုလုပ်၍ ထူးခြားအပူချိန်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားမည်ဖြစ်သည်။

"အခုဆိုရင် ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့အပူချိန်ဟာ စက်မှုမထွန်းကားမီအချိန်နဲ့ နှိုင်းယှဉ်ရင် တစ် ဒီဂရီ ဆဲလ်စီးရပ်လောက်တိုးနေတယ်။ အပူချိန်က နှစ်စဉ်မြင့်တက်လာတဲ့အတွက် နောက်ပိုင်းမှာ တိုးလာနိုင်တဲ့အပူချိန်ကို ၂ ဒီဂရီ ဆဲလ်စီးရပ်အောက် ထိန်းချုပ်နိုင်အောင် ကမ္ဘာ့နိုင်ငံအားလုံးသဘောတူ လုပ်ဆောင်နေပါတယ်"ဟု ဒေါက်တာ ဟာရင်နိုင်တီယမ်းက ဆက်လက်ပြောသည်။

ယခုအခါ ကမ္ဘာတွင် ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှု ပမာဏပိုမိုများပြားလာပြီး ကမ္ဘာ့လေထုလွှာအောက်ဆုံးပိုင်းနှင့် ပင်လယ်ရေမျက်နှာပြင် အပူချိန်သည် တိုးလာနေသည့်အတွက် ကမ္ဘာ့အပူချိန်သည် ၂၀ ရာစုနှစ်ထက် တစ် ဒီဂရီဆဲလ်စီးရပ်ခန့် ပိုမိုပူပြင်းလာကြောင်း သိရသည်။



"ဒါကိုတုံ့ပြန်ရင်ဆိုင်နိုင်ဖို့ဆိုရင် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်အောက်ရှိ အဖွဲ့တွေကလည်း ကြိုတင်ပြီး သတင်းထုတ်ပြန်နိုင်အောင် သတင်းပေးတယ်။ ခန့်မှန်းချက်တွေ ပေးပါတယ်။ အခုဆိုရင်ကျန်တဲ့ အသိုက်အဝန်း အသီးသီးကလည်း အတတ်နိုင်ဆုံး ကြိုတင်ပြင်ဆင်ဖို့ဆောင်ရွက်နေတယ်။ ရရှိလာတဲ့ သတင်းအချက်အလက်တွေကိုလည်း ချက်ချင်းထုတ်ပြန်ပေးနေပါတယ်"ဟု ၎င်းကဆိုသည်။

ကမ္ဘာ့အပူချိန်တိုးလာမှုနှင့်ပတ်သက်၍ ၂၀၁၅ ခုနှစ်အတွင်း ပါရီမြို့၌ ကျင်းပခဲ့သည့် COP-21 အစည်းအဝေးတွင် အစိုးရအဖွဲ့များအနေဖြင့် ကမ္ဘာကြီး၏ ပျမ်းမျှအပူချိန်တိုးလာမှုသည် စက်မှုမထွန်းကားမီအချိန်ကရှိခဲ့သည့် အပူချိန်နှင့်နှိုင်းယှဉ်ပါက ၂ ဒီဂရီဆဲလ်စီးရပ်အောက်တွင် တည်မြဲနေရန်နှင့် ဆက်လက်၍ ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးရပ်အထိသာရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။

ထို့အပြင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု အခြေအနေများနှင့် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေများကို လိုက်လျောညီထွေပြုမူဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂ၏ အထူးအဖွဲ့အစည်း နှစ်ခုဖြစ်သည့် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်တို့ ပူးတွဲတည်ထောင်ထားသော Intergovernmental Panel on Climate Change (IPCC) အဖွဲ့က အရေးပါသည့် ရာသီဥတုပြောင်းလဲမှု အကဲဖြတ်အစီရင်ခံစာများကိုလည်း ထုတ်ပြန်ပေးလျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံအနေဖြင့် ရာသီဥတု ပြောင်းလဲမှုအပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂနှင့်အတူ နိုင်ငံတကာအဖွဲ့အစည်းများ၊ အာဆီယံဒေသတွင်းဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ဇော်ကြီး (ပဏီတ)**
**ဓာတ်ပုံ-ခင်မောင်ထွေး**

# ယခင်က ပုဂ္ဂလိကသစ်စက်ကြီးများတွင် သစ်ကိုလိုသလောက်ဝယ်ယူနိုင်ခဲ့သော်လည်း ယခုအခါ မှောင်ခိုဈေးကြီးပေးဝယ်နေရ

**မုံရွာ မတ် ၂၂**

ခွင်၊ ပုဆိန်၊ လက်ဆွဲလွှတို့ဖြင့် ခုတ်ယူရသော သစ်လုံးများကို ကျွဲနှင့်တွဲချပြီး ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲနှင့် ဖောင်ဖွဲ့စုန်မျှောရသော ခေတ်အခါက သစ်များကို သစ်စက်ကြီးများတွင် လိုသလောက် အချိန်မရွေးဝယ်ယူနိုင်ခဲ့ရာမှ ယခုယန္တရားဖြင့်ထုတ်ယူသော ခေတ်တွင် နေရေးအတွက် မရှိမဖြစ်လိုအပ်သော သစ်သားများကို မှောင်ခိုဈေးကြီးပေးဝယ်သုံးစွဲနေရကြောင်း ဖောင်သမားတစ်ဦးက ပြောသည်။

"အခု သစ်ထုတ်၊ သစ်ခုတ်နေတာဟာ အရင်ကနဲ့ လုံးဝမတူတော့ဘဲ စက်ယန္တရားတွေ၊ သစ်တောအတွင်း မော်တော်ကား၊ ကရိန်းတွေကို အသုံးပြုလို့ ဖောင်ဖွဲ့စုန်မျှောတာ သိပ်မရှိတော့ဘဲ သင်္ဘောနဲ့ တင်ယူတဲ့ခေတ်ရောက်နေပါပြီ။ အရင်က သစ်တစ်လုံးရဖို့အတွက် သစ်ခုတ်သမားတွေက ခွင်၊ ပုဆိန်အသုံးပြုပြီး လူလုပ်အားနဲ့ ခုတ်လှဲရုံမက သစ်တစ်လုံး မြစ်ဆိပ်ရောက်ဖို့အတွက် ကျွဲတွေနဲ့ ဆွဲထုတ်ကြရတာပါ။ အရင်က ချင်းတွင်းမြစ်ကမ်းဘေးမှာရှိတဲ့ သစ်တောကြီးများမှာ နေပြောက်မထိုးနိုင်လောက်အောင် အုံ့ဆိုင်းနေပြီး သစ်ထုတ်ခွင့်ရတဲ့ သစ်တောအတွင်းက သစ်တွေကို ရွေးချယ်ခုတ်လှဲပြီး သစ်ဖောင်ဖွဲ့မယ့်ဆိပ်ကမ်းအရောက် ကျွဲတစ်ကတိုး ဒါမှမဟုတ် ကျွဲနှစ်ကတိုး၊ သုံးကတိုးထက်မပိုတဲ့ သစ်တွေကိုသာ ထုတ်လုပ်ကြရပါတယ်။

"ကျွဲတစ်ကတိုးဆိုတာ သစ်ခုတ်ထားတဲ့ ငုတ်ရင်းမှာ တစ်မနက်ဆွဲထုတ်ရင် မြစ်ဆိပ်ကမ်းရောက်တာကို ပြောတာဖြစ်ပါတယ်။နှစ်ကတိုးဆိုရင် နှစ်မနက်၊ သုံးကတိုးဆိုရင် သုံးမနက်ဆွဲထုတ်ရတာကြောင့် သုံးမနက်ထက်ပိုသော သစ်တွေကိုမခုတ်ဘဲ ရှောင်ရှားပြီး သစ်ကိုထုတ်လုပ်ခဲ့ကြတာပါ။ သုံးကတိုးထက်ပိုတဲ့သစ်ကို မခုတ်တာဟာ ကျွဲရှဉ်းသုံးမနက်ဆွဲရတဲ့အတွက် စရိတ်ပိုကုန်လို့ မထုတ်ကြတာဖြစ်ပါတယ်"ဟု ဖောင်သမားတစ်ဦးက ပြောသည်။

သစ်ခုတ်ရာတွင် သစ်ပင်အနေအထားကိုကြည့်ပြီး သစ်တစ်ပင်လုံးရဲ့ ပေအရှည် ဆယ့်ရှစ်ပေအောက်ခံထားပြီး ပေ နှစ်ဆယ်၊ နှစ်ဆယ့်တစ်ပေထက်မပိုသော သစ်နှစ်လုံးရမည့် အပင်ကို ခုတ်ကြကြောင်း သိရသည်။

သစ်တောဌာနကလည်း သစ်ပင်ကို ခုတ်ချင်တိုင်းမခုတ်ရဘဲ ခုတ်ပြီး သစ်ပင်ကို ငုတ်ရင်းတံဆိပ်ရိုက်ခြင်း၊ ထုတ်လုပ်သူ၏ ကိုယ်ပိုင်ထုတ်လုပ်ခွင့်တံဆိပ်ရိုက်ခြင်း၊ အခွန်အတွက် အခွန်ကောက်ခံပြီး သစ်လုံးနံပါတ်အကောက်တံဆိပ်ရိုက်ပြီး သစ်တောမှ ထုတ်ပေးသော သစ်အတိုင်းစာရင်းနှင့်မျှောစာရမှသာ သစ်ဖောင်များကို စုန်မျှောခွင့်ရှိကြကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



**ရန်ကုန် မတ် ၂၂**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ထုတ်ဝေသော မြန်မာခရီးသွားလုပ်ငန်း မြေပုံများကို ဖြန့်ချိပေးနေပြီဖြစ်ပါသည်။

Tourist Maps of Myanmar (TMM-55) တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ယူနက်စကိုအဖွဲ့ကြီးက အသိအမှတ်ပြုလိုက်သော သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်း၊ ပျူမြို့ တို့၏မြေပုံများပါ မွမ်းမံထည့်သွင်းထားပါသည်။

အဆိုပါလမ်းညွှန်မြေပုံများကို ရန်ကုန်လေဆိပ်တွင် ဧည့်သည်တိုင်းသို့ အခမဲ့ဝေငှပေးလျက်ရှိပြီး ပြည်ပနိုင်ငံများသို့လည်း ထိရောက်စွာ ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် နိုင်ငံတကာတွင် ကျင်းပလျက်ရှိသည့် Travel Show များ သို့လည်းကောင်း၊ နိုင်ငံတကာရှိ မြန်မာသံရုံးများသို့လည်းကောင်း၊ မြန်မာနိုင်ငံရှိ သံရုံးများသို့လည်းကောင်း စနစ်တကျ ပေးပို့ဖြန့်ချိလျက်ရှိပါသည်။

ပြည်တွင်းသို့ အဓိကခရီးသည် ဝင်ပေါက်ဖြစ်သော ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးလေဆိပ်၊ ပုဂံ၊ ညောင်ဦး လေဆိပ်များ၌ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ခရီးသည်အားလုံး၊ ရန်ကုန်ရှိ ဟိုတယ်၊ စားသောက်ဆိုင်နှင့် အမှတ်တရပစ္စည်းဆိုင်များတွင်ထားရှိပြီး နေ့စဉ်ဝေငှပေးလျက်ရှိပါသည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာ

## Tourist Maps of Myanmar (TMM-55) အခမဲ့စတင်ဖြန့်ချိ










ပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း(ဆူးလေ)တွင် လည်းကောင်း၊ ၃၅ လမ်းအလယ်ဘလောက်ရှိ (D.P.S) တွင်လည်းကောင်း၊ Facebook မှ မှာကြား၍သော်လည်းကောင်း အခမဲ့ထုတ်ယူနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# လယ်ယာမြေများအား အခြားမြေအဖြစ်ပြောင်းလဲမှုမြင့်တက်သဖြင့် တောင်သူများ အခက်အခဲကြုံတွေ့

**ရေတာရှည် မတ် ၂၂**

ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်တွင် လယ်ယာမြေများအား စီးပွားရေးလုပ်ငန်းရှင်များက ဝယ်ယူမှုမြင့်တက်လျက်ရှိရာ လယ်ယာမြေများ တစ်စထက်တစ်စ သိသာစွာ လျော့နည်းလာသည်ကို မြင်တွေ့နေရသည်။

ဈေးကွက်စီးပွားရေးအရ အချက်အချာကျသည့် မြေနေရာများရှားပါးလာခြင်းနှင့်အတူ ကားလမ်းတစ်လျှောက်ရှိ လယ်မြေများအား အဆမတန်ဈေးနှုန်းဖြင့် ပြန်လည်ဝယ်ယူကြကာ စက်သုံးဆီအရောင်းဆိုင်များ၊ လူနေအိမ်များအဖြစ် ပြန်လည် အသုံးပြုလာကြခြင်း ဖြစ်သည်။

"ငွေကြေးချမ်းသာတဲ့ သူတွေက အဆမတန်ဈေးနဲ့ ဝယ်တဲ့အခါကြတော့ တောင်သူတွေအနေနဲ့ ဘယ်လိုမှငြင်းလို့မရနိုင်အောင်ဖြစ်ရတယ်။ ရေရှည်ကာလကိုကြည့်မယ်ဆိုရင် လယ်ယာမြေတွေ အများကြီးလျော့ကျသွားတဲ့အတွက် စိုက်ပျိုးသီးနှံကဏ္ဍမှာ အခက်အခဲတွေ အများကြီးလျော့ကျသွားနိုင်တယ်။

"တောင်သူတွေလည်း လယ်မဲ့ယာမဲ့ဘဝကို ရောက်သွားနိုင်ပါတယ်။ အဓိကက မြေဌားဂရန်ထုတ်ပေးတဲ့အခါမှာ သေချာကွင်းဆင်းပြီးမှ ဆောင်ရွက်ပေးသင့်တယ်"ဟု ကျွမ်းကျင်သူအချို့က သုံးသပ်ပြောကြားသည်။

တောင်သူတို့အနေဖြင့် ဆန်၊ စပါး၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများမှာ ဈေးကောင်းရရှိသည့်အတွက် လူနေမှုဘဝများ ပြောင်းလဲတိုးတက်လာကြသော်လည်း လက်ရှိလုပ်ငန်းခွင်တွင် အလုပ်သမားရှားပါးမှု၊ စရိတ်အကုန်အကျ များပြားခြင်းကြောင့်လည်း အခြားသော စီးပွားရေးနယ်ပယ်၌ ပြောင်းလဲလုပ်ကိုင်လာကြခြင်းဖြင့် မြေယာများအား ပြန်လည်ရောင်းချကြခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# "Frozen" ရုပ်ရှင်သစ်ကို ဧပြီလအတွင်း စတင်ရိုက်ကူးမည်

ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးရဲ့ ကျော်ကြားတဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်တစ်ခုဖြစ်တဲ့ "Frozen" ရုပ်ရှင်ရဲ့ ဒုတိယရုပ်ရှင် "Frozen 2" ကို လာမည့်ဧပြီလအတွင်း စတင်ရိုက်ကူးသွားနိုင်ဖွယ်ရှိကြောင်း ယင်းရုပ်ရှင်ရဲ့ အဓိကဇာတ်လိုက် "အန်နာ" နေရာမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသမီး ခရစ်စတင်းဘဲလ်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ယင်းရုပ်ရှင်သစ်ကိုရိုက်ကူးသွားဖို့ ပြီးခဲ့တဲ့နှစ်ကတည်းက ကြိုးစားစီစဉ်ခဲ့ကြပေမယ့် ရုပ်ရှင်ဇာတ်ညွှန်းပိုင်းနဲ့ပတ်သက်ပြီး ပြင်ဆင်ဆောင်ရွက်နေရတာတွေကြောင့် အချိန်နှောင့်နှေးနေခဲ့ရတာဖြစ်ကြောင်းလည်း မင်းသမီးက ပြောကြားခဲ့တယ်လို့ အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဆက်လက်ပြီး မင်းသမီးက "အများအားဖြင့် ပထမဆုံးထုတ်လုပ်ခဲ့တဲ့ ရုပ်ရှင်ဟာ အောင်မြင်ခဲ့ရင် နောက်ဆက်တွဲရုပ်ရှင်တွေကို ဖန်တီးချင်ကြတာပဲလေ။ နောင်ထွက်ရှိမယ့်ရုပ်ရှင်မှာ ပရိသတ်ကို ဘယ်လိုအရာတွေကို ပြသသင့်တယ်။ ဘယ်အရာတွေကအရေးကြီးတယ်။ ဒါတွေကိုစဉ်းစားညှိနှိုင်းကြရင်း ရုပ်ရှင်သစ်ကို စတင်ရိုက်ကူးဖို့အရေး အချိန်အနည်းငယ် နှောင့်နှေးခဲ့ရတယ်။ နောက်ဆုံးမှာတော့ ဒါတွေကို သူတို့ရှာဖွေတွေ့ရှိသွားပြီ ထင်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ပထမဆုံးထွက်ရှိခဲ့တဲ့ "Frozen " ရုပ်ရှင်ဟာ ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးအတွက် ကြီးမားတဲ့အောင်မြင်မှုတွေကို ယူဆောင်ပေးနိုင်ခဲ့တဲ့ ရုပ်ရှင်တစ်ခုဖြစ်ပါတယ်။ ယင်းရုပ်ရှင်ရဲ့တေးသီချင်း "Let It Go" ဟာ ဘေဘုတ်ပေါ်မှာ စတင်ထုတ်လွှင့်ခဲ့သည်မှ အချိန်အတော်ကြာတဲ့အထိ နံပါတ်တစ်နေရာကို ပိုင်ဆိုင်ထားနိုင်ခဲ့ပြီး အကယ်ဒမီဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့ပါတယ်။

"Frozen 2" ရုပ်ရှင်မှာတော့ ယခင်ထွက်ရှိပြီးတဲ့ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ထားကြတဲ့ အနုပညာရှင်တွေက ပြန်လည်ပါဝင်သရုပ်ဆောင်ပေးသွားမှာဖြစ်ပြီး ယင်းရုပ်ရှင်ကို လာမယ့် ၂၀၁၈ ခုနှစ်မှာ ရုံတင်သွားနိုင်ဖို့ စီစဉ်ထားကြောင်း သိရပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

## ဘေဘုတ်မှာ ထိပ်ဆုံးက ရပ်တည်နေတဲ့ ရီဟားနားရဲ့ "Anti"


အဆိုတော် ရီဟားနားရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်သစ် "Anti" ဟာ ပြီးခဲ့တဲ့တနင်္လာနေ့က ထွက်ရှိခဲ့တဲ့ စာရင်းများအရ တေးဂီတ ဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးသီချင်း ၂၀၀ အနက် နံပါတ်တစ်နေရာမှာ ရပ်တည်နေခဲ့ကြောင်း ရိုက်တာဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ရီဟားနားရဲ့ ရှစ်ခုမြောက် တေးအယ်လ်ဘမ်ဖြစ်တဲ့ "Anti" ဟာ ပြီးခဲ့တဲ့ သီတင်းပတ်တွေအတွင်းမှာ ဘေဘုတ်ရဲ့ နံပါတ်သုံးနေရာမှာ ရောက်ရှိနေခဲ့ပြီး ယခု သီတင်းပတ်မှာတော့ နံပါတ်တစ်နေရာနဲ့ နှစ်နေရာတွေမှာ ရှိနေခဲ့တဲ့ အဒဲလ်နဲ့ ဂျက်စတင်ဘီဘာတို့ရဲ့ တေးသီချင်းတွေကို ကျော်ဖြတ်ကာ ထိပ်ဆုံးမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ကြောင်း သိရပါတယ်။

အဆိုပါ တေးအယ်လ်ဘမ်ဟာ စတင်ထုတ်လွှင့်ခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းက စတင်ပြီး အမေရိကန်နိုင်ငံ တစ်ဝန်း တေးအယ်လ်ဘမ်ပေါင်း သုံးသိန်းနီးပါး ရောင်းချခဲ့ရပြီးဖြစ်ကာ အွန်လိုင်းကနေပြီး ယင်းတေးသီချင်းတွေကို ကူးယူခဲ့မှုအကြိမ်ပေါင်း တစ်သန်းခန့်ပင်ရှိခဲ့ပါတယ်။ ရီဟားနားက အဆိုပါ တေးအယ်လ်ဘမ်အတွက် နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွေကို ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက စတင်ခဲ့ပြီး ယခုနှစ်နွေရာသီမှာ ဥရောပတစ်ခွင်သို့ သွားရောက်ဖျော်ဖြေဖို့ စီစဉ်ထားကြောင်းလည်း သိရပါတယ်။



# အရီအန်နာဂရန်ဒီကို မျက်စိကျနေတဲ့ စတီဗင်စပီးဘာ့ချ်



အင်ဒီယာနာဂျုန်းစ်ရုပ်ရှင်တွေကို ဖန်တီးအသက်သွင်းပေးခဲ့တဲ့ ဟောလိဝုဒ်ရဲ့ နာမည်ကျော်ဒါရိုက်တာတစ်ဦးဖြစ်တဲ့ စတီဗင်စပီးဘာ့ချ်က ပေ့ါပ်အဆိုတော် အရီအန်နာဂရန်ဒီကို သူရိုက်ကူးမယ့်ရုပ်ရှင်တစ်ခုမှာ ပါဝင်သရုပ်ဆောင်ပေးဖို့ သဘောကျနှစ်သက်နေကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ စနေနေ့ညပိုင်းက ထုတ်လွှင့်ခဲ့တဲ့ ရုပ်သံအစီအစဉ် "Saturday Night Live" မှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ အရီအန်နာဂရန်ဒီရဲ့ ဖျော်ဖြေတင်ဆက်ခဲ့မှုတွေက ဒါရိုက်တာစတီဗင်စပီးဘာ့ချ်ကို မျက်စိကျစေခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ယခင်က "Zoolander 2" နဲ့ "Scream Queens" ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ဖူးတဲ့ အရီအန်နာဂရန်ဒီဟာ အမျိုးသမီးလူစွမ်းကောင်းရုပ်ရှင်တစ်ခုဖြစ်တဲ့ "Wonder Woman" မှာ ပါဝင်သရုပ်ဆောင်သွားမယ်ဆိုတဲ့ ကောလာဟလတွေ ထွက်ရှိခဲ့ဖူးကြောင်းလည်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ ဂရန်ဒီကို သရုပ်ဆောင်ဖို့ကမ်းလှမ်းခဲ့တာတွေရှိခဲ့ပေမယ့် ဂရန်ဒီအနေနဲ့ သရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာလမ်းကြောင်းပေါ် ဆက်လက်လျှောက်လှမ်းနိုင်ဖို့ ဂီတလောကကို ကျောခိုင်းနိုင်ခြင်း မရှိသေးကြောင်းလည်း သူနဲ့ရင်းနှီးသူတစ်ဦးက ပြောကြားခဲ့ပါတယ်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၃ - ၃ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ် |
| ၆း၃၀ | ပြည်သူ့နီတိ "ပျော်စေပျက်စေ" |
| ၆း၅၀ | တေးဂီတအစီအစဉ် |
| ၇း၀၀ | နိုင်ငံခြားရုပ်ရှင်ဇာတ်လမ်းတွဲ "လျှို့ဝှက်သော ပုစ္ဆာ" (အပိုင်း-၇) |
| ၇း၅၀ | နိုင်ငံခြားရုပ်ရှင်ဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့အလှတရား" (အပိုင်း-၇) |
| ၈း၃၀ | ကာတွန်းအစီအစဉ် "BEN 10 ALIEN FORCE (Part-XVII)" |
| ၉း၀၀ | တေးဂီတအစီအစဉ် |
| ၉း၁၀ | English Premier League Review (အပိုင်း-၁) |
| ၉း၃၀ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၉း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | ရွှေမန်းဇာတ်သဘင် |
| ၁၀း၄၀ | မြန်မာဗီဒီယိုဇာတ်လမ်း "ဝေလီဝေလင်းချစ်သူများ" |
| ၁၂း၀၀ | အစီအစဉ်ပြီး၏ |

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၄၀ | "မြတ်ဘုရားရွှေတိဂုံ" တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၁၀) |
| ၇း၃၀ | MRTV-4 သတင်း |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၀၀ | "မင်္ဂလာပါ" The Morning Show |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၅၉) |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ |
| ၁၁း၀၀ | အနုပညာမိုးကောင်းကင် |
| ၁၁း၂၅ | ဟင်းချက်ရအောင် |
| ၁၁း၅၀ | MRVT-4 Stage |
| ၁၂း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၃၉) |
| ၁း၀၀ | "မြတ်ဘုရားရွှေတိဂုံ" တရားတော် (သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၄၆) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၁၀) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၁၁) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၄၇) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၂၀ | ရသစုံညွှန်းတမ်းများ |
| ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၆၀) |
| ၉း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၄၀) |
| ၁၀း၂၅ | Let's Talk |
| ၁၀း၅၅ | MRTV-4 Stage |
| ၄း၁၅ | World of Knowledge(To Catch A Smuggler Coke In The Coat) |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၁ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၀ | မျိုးချစ်တပ်မတော် |
| ၆း၃၅ | မှတ်တမ်း |
| ၆း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | မွေးမြူသုတ |
| ၈း၃၀ | DVD Hits |
| ၈း၃၅ | ဇာတ်လမ်းတို |
| ၈း၄၅ | မြဝတီနေ့စဉ်သတင်း |
| ၈း၅၀ | သူနှင့်သူ၏သီချင်းများ |
| ၉း၀၀ | စာပေအလင်းစာပေသတင်း |
| ၄း၁၅ | လျှပ်တစ်ပြက် |
| ၄း၂၅ | အမျိုးသားရေးတေးကဗျာ |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၅၅ | ရှေးဟောင်းသုတ |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၂၅ | ပန်းကလေးများပွင့်တော့မည် |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အယ်ဒါနာ အပိုင်း(၉) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၅ | Meet Whith The Celebrities |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ အပိုင်း(၁၄) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ရယ်စရာပျော်စရာဟာသကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် မြဝတီရုပ်မြင်သံကြားသတင်း (၇၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် အညတရမိုးကောင်းကင် ဝေဠုကျော်၊ နေဒွေး၊ မိုးလရောင်၊ မေသဥ္ဇာဦး၊ ဆောင်းဝတ်ရည်မေ နှင့်သရုပ်ဆောင်များ ဒါရိုက်တာ တင်အောင်စိုး (ပန်းမြို့တော်) |

### mitv

| | |
|---|---|
| 07:26 | History Of Wishfulfilling Mai-Lamu Pagodas |
| 07:44 | Rakhine Traditional Wedding Ceremony |
| 08:26 | Myanmar HR Conference 2015 (Part- V) |
| 08:45 | Ywar Thit's Monhinkhar |
| 09:26 | Products Of Myanmar - Shin Ma Taung Thanakhar |
| 09:42 | The Hills Of Phowintaung And Shwebataung |
| 10:26 | Kyauk Gu Umin Cave Gu Pha Ya |
| 10:42 | Ngapali, Unique Spot To Relax |
| 07:26 | A visit to Htam Hsan Cave A Miraculous Place |
| 07:55 | Hip-Hop and Design |
| 08:26 | Myanmar Traditional Identity (EP- 4) Tumbling Doll, Pyit Tine Htaung |
| 08:38 | Bollywood Actress "Laila Khan" (Born & Raised in Myanmar) (Part-II) |

# လာမည့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်လျှင်လည်း မန်စီးတီးကို ဂွါဒီယိုလာသာ ကိုင်တွယ်သွားမည်




အကယ်၍ မန်စီးတီးအနေဖြင့် လာမည့်ရာသီချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်ခဲ့လျှင်လည်း ဂွါဒီယိုလာသာ မန်စီးတီးအား တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်သည်။ မန်စီးတီးအသင်း၏ လက်ရှိအနေအထားအရ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန်ပင် မရေရာမသေချာ ဖြစ်နေရာ ယင်းသို့ကြုံတွေ့လာလျှင် ဂွါဒီယိုလာအနေဖြင့် မန်စီးတီးနှင့် ချုပ်ဆိုထားသောစာချုပ်ကို ဖျက်သိမ်းနိုင်မည်လားဆိုသည့် မေးခွန်းအတွက် ဘီဘီစီအားကစားသတင်းဌာနက ပြန်လည်သုံးသပ်ပေးခဲ့ခြင်းဖြစ်သည်။ ဂွါဒီယိုလာမှာ မန်စီးတီးနှင့် သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ကိုချုပ်ဆိုထားပြီး လာမည့်နွေတွင် မန်စီးတီးအသင်းအား စတင်တာဝန်ယူသွားမည်ဖြစ်သည်။

မန်ယူအသင်းအား ရှုံးနိမ့်ခဲ့သည့်ပွဲအပြီးတွင် မန်စီးတီးမှာ ထိပ်ဆုံး လေးသင်းစာရင်း ဝင်ရောက်ရန်ပင် မလွယ်ကူတော့ဟူသောသတင်းများထွက်ပေါ်ခဲ့ပြီးနောက် ဂွါဒီယိုလာဘက်မှ စာချုပ်ဖျက်သိမ်းမှုရှိလာနိုင်မည်လားဆိုသည့် မေးခွန်းများလည်း ထွက်ပေါ်လာခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် လက်ရှိတွင် ပရီမီယာလိဂ် အမှတ်ပေးဇယား အဆင့်(၄)နေရာတွင် ဆက်လက်ရပ်တည်နေဆဲဖြစ်သော်လည်း ဝက်စ်ဟမ်း၊ မန်ယူတို့နှင့် ရမှတ်တစ်မှတ်သာ ကွာဟတော့သည်။

ထို့ကြောင့် လာမည့်နွေဈေးကွက်အတွင်း ဂွါဒီယိုလာစိတ်ကြိုက် ထိပ်တန်းကစားသမားလေးဦး (သို့မဟုတ်) ငါးဦးကို အီးတီးဟက်ဒ်ကွင်းသို့ခေါ်ယူသွားရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်းလည်း ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။ ဂွါဒီယိုလာ အလိုချင်ဆုံးကစားသမားစာရင်းတွင် ဒေါ့မွန် ကွင်းလယ်လူ ဂန်ဒိုဂန်၊ ဂျူဗင်တပ်ကွင်းလယ်လူ ပေါ့ဘာ၊ ရီးယဲလ်မက်ဒရစ် ကွင်းလယ်လူ တိုနီခရူးစ်၊ အဲဗာတန် နောက်ခံလူ ဂွန်စတုန်းနှင့် ဘီဘာအိုနောက်ခံလူ လာပေါ်တီတို့ ပါဝင်နေကြသည်။ ဂန်ဒိုဂန်၏ အေးဂျင့်နှင့် မန်စီးတီးတာဝန်ရှိသူများသည် ပြီးခဲ့သည့် မတ်လအစောပိုင်းက အမ်စတာဒမ်ဟိုတယ်၌ တွေ့ဆုံခဲ့ကြပြီး အကြိုသဘောတူညီချက်ပင် ပြုလုပ်နိုင်ခဲ့ကြကြောင်း သိရသည်။

ထို့ပြင် မန်စီးတီးလူငယ်ကစားသမားများဖြစ်သည့် မန်ချူ ဂါစီယာ၊ အာဒရာဘိုင်ယို၊ ဒီယာ့ဇ်တို့၏ အင်အားဖြင့် မန်စီးတီးပထမအသင်းကြီးကို သွေးသစ်လောင်းသွားမည်ဖြစ်သည်။ မန်စီးတီးအသင်းမှ ဂါလာတာစရေးအသင်းတွင် အငှားဖြင့်သွားရောက်ကစားနေသည့် ဂျက်ဆင်ဒီနေယာကလည်း ၎င်းအား ဂွါဒီယိုလာ ရောက်ရှိလာလျှင် ပြန်လည်ခေါ်ယူမည်ဟု မျှော်လင့်နေသည်။ မန်စီးတီးအသင်းနှင့် ဂွါဒီယိုလာတို့ စာချုပ်သက်တမ်းကုန်ဆုံးသွားလျှင် ပက်ထရစ်ဗီယာရာက မန်စီးတီးကို ဆက်လက်တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

မေ လဲ့ သင်း - စု စည်း ရေး သား သည်





## လူကာကူအား ပေါင် သန်း ၆၀ ပေး၍ ရီးယဲလ်မက်ဒရစ်အသင်း ခေါ်ယူမည်

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ပရီမီယာလိဂ်ကလပ်အဲဗာတန်အသင်းတိုက်စစ်မှူး လူကာကူအား ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် တိုက်စစ်မှူး လူကာကူကို ခေါ်ယူရန် ပြောင်းရွှေ့ကြေးပေါင် သန်း ၆၀ ဖြင့် ကမ်းလှမ်းသွားမည်ဖြစ်ကြောင်းလည်း သည်ဆန်းသတင်းဌာနက သတင်းဖော်ပြထားသည်။

ဘယ်လ်ဂျီယံကြယ်ပွင့် လူကာကူသည် ယခုနှစ်ဘောလုံးရာသီတွင် အဲဗာတန်အသင်းနှင့်အတူ ပိုမိုတောက်ပလာသည့် တိုက်စစ်မှူးတစ်ဦး ဖြစ်လာခဲ့သည်။ ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၂၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး ပရီမီယာလိဂ်သွင်းဂိုး ၁၈ ဂိုး သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန်ပို၍ စိတ်ဝင်စားခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ **(ငွေကြယ်)**



## ဘဏ္ဍာရေးပြဿနာဖြေရှင်းရန်အတွက် စကာတယ်အား လီဗာပူးရောင်းချမည်

လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့သည် ၎င်း၏ လီဗာပူးအသင်းအား ကိုင်တွယ်ခွင့်ရရှိခဲ့သည့် ပထမရာသီအတွင်း အသင်း၏ ဘဏ္ဍာရေးပြဿနာဖြေရှင်းရန်အတွက် နောက်ခံလူ စကာတယ်အား ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ် အမှတ်ပေးဇယား၌ အဆင့်(၄)စာရင်းဝင်ရန် မဖြစ်နိုင်တော့သော်လည်း လာမည့်ဘောလုံးရာသီတွင်မူ ပရီမီယာလိဂ်ချန်ပီယံဆုအတွက် အကောင်းဆုံးအနေအထားဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း နည်းပြ ဂျာဂန်ကလော့က ထုတ်ဖော်ပြောကြားခဲ့သည်။

နောက်တန်းကစားသမား စကာတယ်သည် ၂၀၀၈ ခုနှစ် ဇန်နဝါရီလအတွင်းက ရုရှားကလပ် ဇင်းနစ်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၆ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်းက သုံးနှစ်ခွဲသက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုထားသော်လည်း နည်းပြဂျာဂန်ကလော့က စကာတယ်အား ရောင်းချတော့မည်ဖြစ်ကြောင်း သိရသည်။ **(ငွေကြယ်)**

## အလန်ရှီးယား၏ ပရီမီယာလိဂ်သွင်းဂိုးစံချိန်ကို လိုက်မီရန် ဟယ်ရီကိန်းပစ်မှတ်ထား

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းမှာ စပါးအသင်းက ဘုန်းမောက်အား သုံးဂိုးပြတ်ဖြင့် အနိုင်ယူနိုင်ခဲ့သော ပွဲစဉ်တွင် အနိုင်ဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် သူ၏ပရီမီယာလိဂ်သွင်းဂိုး စုစုပေါင်း ၄၅ ဂိုးအထိရှိလာပြီဖြစ်ရာ အလန်ရှီးယား၏ ပရီမီယာလိဂ်သွင်းဂိုးစံချိန်အား လိုက်မီရန် ပစ်မှတ်ထားလာပြီဖြစ်သည်။ ဟယ်ရီကိန်းမှာ ရာသီအစတွင် ပုံမှန်ခြေစွမ်းအောက်ရောက်နေခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ခြေစွမ်းပြလာနိုင်ခဲ့ပြီးနောက် ယခုနှစ်ရာသီသွင်းဂိုး ၂၁ ဂိုးအထိရှိလာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် အသက်(၂၂)နှစ်အရွယ်ရှိ ကိန်းမှာ အလန်ရှီးယား၊ လက်စ်ဖာဒီနန်၊ ဒန်ဒီကိုးလ်နှင့် ရော်ဘီဖောင်လာတို့ပြီးနောက် နှစ်ရာသီဆက်တိုက် သွင်းဂိုး ၂၀ အထက်သွင်းယူနိုင်သော ပဉ္စမမြောက် အင်္ဂလိပ်လူမျိုးကစားသမားဖြစ်လာခဲ့သည်။

ယခင်နယူးကာဆယ်အသင်းခေါင်းဆောင် အလန်ရှီးယားမှာ သွင်းဂိုး ၂၆၀ ဖြင့် ပရီမီယာလိဂ် ထာဝရသွင်းဂိုးအများဆုံးကစားသမားတစ်ဦးအဖြစ် မှတ်တမ်းရေးထိုးထားနိုင်ရာ ဟယ်ရီကိန်းက ရှီးယား၏ မှတ်တမ်းကို သူ့အနေဖြင့်အားကျမိပြီး ယင်းစံချိန်ထက် ပိုမိုကောင်းသည့် မှတ်တမ်းကို ရေးထိုးနိုင်ရန်မျှော်လင့်မိကြောင်း ဖွင့်ဟလိုက်ခြင်းဖြစ်သည်။ ကိန်းမှာ ယခုနှစ်ရာသီတွင် ပရီမီယာလိဂ်သွင်းဂိုး ၂၁ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီဖြစ်သောကြောင့် လက်စတာတိုက်စစ်မှူး ဂျေမီဗာဒီထက် နှစ်ဂိုးအသာ၊ အဲဗာတန်တိုက်စစ်မှူး လူကာကူထက် သုံးဂိုးအသာဖြင့် ပရီမီယာလိဂ် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည်။ ၁၉၉၉-၂၀၀၀ ဘောလုံးရာသီတွင် ဆန်းဒါးလန်းတိုက်စစ်မှူး ကီဗင်ဖိလစ် သွင်းဂိုး ၃၀ ဖြင့် ပရီမီယာလိဂ်ထိပ်တန်းဂိုးသွင်းရှင်အဖြစ် ရပ်တည်နိုင်ခဲ့ပြီးနောက် မည်သည့်အင်္ဂလိပ်လူမျိုးတစ်ဦးတစ်ယောက်မျှ ပရီမီယာလိဂ် ထိပ်တန်းဂိုးသွင်းအများဆုံး ကစားသမားနေရာကို မရောက်ရှိခဲ့ခြင်းဖြစ်သည်။



# ကိုးတောင်ဘို့ဒေသမှထွက်ရှိသော ကျောက်ပျဉ်များအား ထိခိုက်ပျက်စီးမှုမရှိစေရန် ကားဖြင့် ပြောင်းလဲသယ်ယူမှုများလာ



**ကန့်ဘလူ မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ ကိုးတောင်ဘို့ကျေးရွာအုပ်စု ပိတောက်ခုံကွက်သစ်ကျေးရွာသည် ကျောက်ပျဉ်ထုတ်လုပ်သည့်လုပ်ငန်း လုပ်ကိုင်ကြပြီး နှစ်စဉ်အများအပြားထုတ်လုပ်ကြကာ ဈေးကွက်ကျယ်ပြန့်စွာထုတ်လုပ်နိုင်သော စစ်ကိုင်းမြို့နယ် ကျောက်တာကျေးရွာသို့ မီးရထားဖြင့်တင်ပို့လျက်ရှိပြီး ယခုအခါ ကိုးတောင်ဘို့ကျေးရွာမှ စစ်ကိုင်းသို့ ကုန်တင်ကားများဖြင့် တင်ပို့မှုများရှိလာကြောင်း သိရသည်။

"အရင်ကတော့ ကောလင်း-ရွာထောင်ပြေးဆွဲနေတဲ့ အစုန်ရထားကိုပဲ အဓိကထားပြီး ရထားဆိုက်ရောက်တဲ့အချိန်ကို စီနီယာအလိုက်တင်ရတာပါ။ ရထားရပ်ချိန်ကလည်း ၁၅ မိနစ်ဆိုတော့ အလုအယက်တင်ရတာကြောင့် ကျောက်ပျဉ်နဲ့ ကျောက်ကုန်ကြမ်းတွေ ထိခိုက်ကျိုးပဲ့ပျက်စီးတာရှိသလို ကုန်ကျစရိတ်အနေနဲ့ ကိုးတောင်ဘို့ဘူတာ ရထားပေါ် အလုပ်သမားတင်ခစရိတ် တစ်ခါပေးရပြီး ရွာထောင်ဘူတာရောက်တဲ့အခါ အလုပ်သမားခပေးရပြန်တယ်။ ရွာထောင်ဘူတာကနေ ကျောက်တာရွာသွားဖို့ ကားငှားပြီးသွားရတဲ့အတွက် အလုပ်သမားတင်ခကုန်တယ်။

'ကျောက်တာရွာရောက်ပြန်တော့လဲ ကုန်ချခပေးရတယ်။ ဒီတော့ ကုန်ကျစရိတ်ကလေးခါကုန်ပြီး အဆင့်ဆင့်သွားရတာကြောင့် အခုလို အလုပ်သမားတင်ခချခ ကုန်ကျစရိတ်သက်သာစေမယ့် ကားတွေကိုငှားပြီး လုပ်ကိုင်ကြရတာပါပဲ" ဟု ကျောက်ပျဉ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အခုလည်း ကားနဲ့တင်ပို့ပြီးသွားတဲ့သူက သွားကြတယ်ဆိုပေမယ့် ရထားနဲ့တင်ပြီးသွားတဲ့သူက သွားနေတုန်းပါပဲ။ ဒါကလဲ အရင်တုန်းက ရထားနဲ့တင်တယ်ဆိုတာ အခုလိုလုပ်ငန်းတွေက ဈေးကွက်မကျယ်ပြန့်သေးဘူး။ ပြီးတော့ ကျောက်ပျဉ်လုပ်ကိုင်သူလည်း အခုလောက်မများသေးတော့ ရထားနဲ့ပဲ လုပ်စားခဲ့ရတာက အဆင်ပြေတာပေါ့။ ရထားနဲ့တင်တာက တန်ဆာခသက်သာတယ်။ အလုပ်သမားတင်ချခက လေးခါကုန်တာရယ်၊ အလုအယက်တင်ရတာကြောင့် ပစ္စည်းထိခိုက်ပျက်စီးတာပဲ ရှိတာပါ။ ကားနဲ့က တိုက်ရိုက်ရောက်တယ်။ ထိခိုက်ပျက်စီးမှုမရှိဘူး။ ကားငှားခကုန်ကျစရိတ်များတယ်။ ဒီတော့ ကုန်ကျစရိတ်က ပြောသလောက်မထူးလှပါဘူး" ဟု ကျောက်ပျဉ်နှင့် ကျောက်ကုန်ကြမ်းလုပ်ကိုင်သူ ကုန်သည်တစ်ဦးမှ ပြောသည်။

ကိုးတောင်ဘို့ဒေသရှိ ကျောက်ပျဉ်နှင့်ကျောက်ကြမ်းများသည် ကိုးတောင်ဘို့ကျေးရွာနှင့် နှစ်မိုင်ခန့်ဝေးသည့် သဖန်းလျှိုတောင်ကြော ဒေသအခေါ် သွေးကျောက်ချောင်းတောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းရှိတောင်ကြောမှထွက်ရှိပြီး ကျောက်ပျဉ်နှင့် ကျောက်ကြမ်းထုတ်လုပ်ကြသည့်ဒေသခံများအတွက် တစ်နှစ်ပတ်လုံးလုပ်ကိုင်ရသဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**စိုင်းလှုမင်း(မီဒီယာဂရု)**

# ပုသိမ်ကြီးမြို့နယ်တွင် ဘဲမွေးမြူရေးလုပ်ကိုင်သူများ လှွတ်ကျောင်းစနစ်ဖြင့် လုပ်ကိုင်နေ၍ အဆင်ပြေ

**မန္တလေး မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ဘဲမွေးမြူရေးလုပ်ကိုင်သူများ လွှတ်ကျောင်းစနစ်ဖြင့် လုပ်ကိုင်နေ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်ဘဲမွေးလာတာ ရှစ်နှစ်လောက်ရှိပြီ။ ခုချိန်က လွှတ်ကျောင်းကွင်းပေါတော့ အဆင်ပြေတယ်။ ဒီဘက်နယ်က စပါးကွင်းများတယ်လေ။ စပါးခင်းတွေက အနှံထည့်ချိန်ပဲ ကျောင်းလို့မရတာ။ ကျန်တဲ့အချိန်ကတော့ ရတယ်။ ကျွန်တော်က ဘဲအကောင်ရေ တစ်ထောင်လောက်မွေးထားတယ်။ အကောင်တစ်ထောင်ကို ခုနှစ်ရာ၊ ရှစ်ရာလောက် ဥတယ်။ အကုန်လုံးအမတွေချည်းပဲ။ အစာနဲ့ဥတာ။ အစာဖိုးက တစ်ထောင်ဆိုရင် လေးသောင်းကျပ်၊ ငါးသောင်းကျပ်လောက်ကုန်တယ်။ ခုလို လွှတ်ကျောင်းတဲ့အချိန်ဆို အစာမကျွေးရတော့ဘူး။ လွှတ်ကျောင်းကွင်းကောင်းလေ ဥနှုန်းကောင်းလေပဲ။ ဘဲဥတစ်လုံးကို ခြံမှာတင် ၁၁၇ ကျပ်နဲ့ လာဝယ်တယ်။ ဥကြိုက်သလောက်ထွက် အကုန်ယူတယ်။ ခုချိန်က ကျောင်းကွင်းပေါတော့ အဆင်ပြေတယ်။ အစာဖိုးလည်းစုထားရတာပေါ့။ ဘဲမွေးတာက အဆင်ပြေတယ်။ လွှတ်ကျောင်းချိန်တော့ပင်ပန်းတာပေါ့။ အကောင်တစ်ထောင်ဆို အနည်းဆုံး လူနှစ်ယောက်၊ သုံးယောက်လောက်ကျောင်းရတာ။ ငှားကျောင်းတော့ ထွက်တဲ့ ဥဖိုး တစ်ယောက်တစ်ဝက်ပေးရတာ။ ကျွန်တော်ကတော့ ကိုယ်တိုင်မွေး၊ ကိုယ်တိုင်ကျောင်းတာ အဆင်ပြေတယ်" ဟု ပုသိမ်ကြီးမြို့နယ် ညောင်ဝန်းကျေးရွာမှ ဘဲမွေးမြူရေးလုပ်ကိုင်သူ ကိုမိုးက ပြောပြသည်။

'ဘဲကောင်ပေါက်လေးတွေကို မန္တလေးမြို့ အိုးဘိုဘက်က တစ်ကောင် ၆၀၀ ကျပ်နှုန်းနဲ့ သွားဝယ်ရတာ။ အကောင်ရေ ၁၂၀၀ လောက်မွေးမှ အသေအပျောက်နဲ့ဆိုတော့ အကောင်ရေ ၁၀၀၀ လောက်တင်တာ။ လိုအပ်တဲ့ကာကွယ်ဆေးတို့ ပြုစုတာတို့တော့ လုပ်ရတာပေါ့။ ၆ လ၊ ၇ လ လောက်ဆို စပြီးဥတယ်။ ဥသက်တမ်းက သုံးနှစ်လောက်ကြာတယ်။ ကြားထဲမှာ တစ်နှစ်ကို နှစ်လ၊ သုံးလလောက်တော့ ဥတာနားတယ်။ သုံးနှစ်ကျော်လို့ ဥသက်တမ်းကုန်ရင် ဘဲဒိုင်တွေဆီ အချိန်နဲ့သွားရောင်း အကောင်သစ်ပြန်မွေးပေါ့" ဟု ဘဲမွေးမြူပုံနှင့်ပတ်သက်၍ ၎င်းက ဆက်လက်ပြောသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



# နွေရာသီအားကစား သင်တန်းဆင်းပွဲ ကျင်းပ

**မိုးနဲ မတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက နွေရာသီအားကစားသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ၂၀၁၆ ခုနှစ် မြို့နယ်အဆင့်အားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်က အဖွင့်အမှာစကားပြောကြားပြီး အားကစားသင်တန်း နည်းပြဆရာများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ကရင်ပြည်နယ်အတွင်းရှိ ရော်ဘာလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**ဘားအံ မတ် ၂၂**

ကရင်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးနှင့် အရည်အသွေး ကောင်းမွန်သော ရော်ဘာများ တိုးတက်ထုတ်လုပ်ရေးအတွက် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ ပြည်နယ်အတွင်း ရော်ဘာလုပ်ငန်းရှင်တို့နှင့် မတ် ၁၇ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဦးစီးမှူးက ကရင်ပြည်နယ်၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် ဌာနမှ ဖြည့်ဆည်းပေးရန်လိုအပ်ချက်များ၊ ပြည်နယ်မှကူညီပံ့ပိုးပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ပြည်နယ် ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစောဟန်စိုးက ကရင်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်းပြီးစီးမှု၊ အသင်းကို ကျစ်လျစ်ခိုင်မာပီပြင်စွာဖွဲ့စည်း၍ မြို့နယ်အလိုက် အခြေခံအဖွဲ့များဖွဲ့စည်းပြီး ဌာနဆိုင်ရာများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ထို့နောက် ရော်ဘာလုပ်ငန်းရှင်များမှ မြေယာပိုင်ဆိုင်မှု အထောက်အထားများ ရရှိရေး၊ မြေလွတ်မြေရိုင်း လုပ်ပိုင်ခွင့်လျှောက်ထားသည့်ကိစ္စများ ရော်ဘာအစေးထုတ်လုပ်မှု နည်းစနစ်ကျွမ်းကျင်သင်တန်းများပို့ချပေးရေး၊ ပိုးမွှားရောဂါ ကာကွယ်ရေး၊ မြေဆီလွှာဓါတ်ခွဲစမ်းသပ်ပေးမည့်အခြေအနေများ၊ ဌာနမှပညာရှင်များမှ ရော်ဘာခြံများသို့ သွားရောက်ပြီး ပညာပေးရန်လိုအပ်ကြောင်း ရင်းနှီးစွာတွေ့ဆုံဆွေးနွေးသည်။

ဆက်လက်၍ ကရင်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ၂ ဒသမ ၆ သိန်းကျော်ရှိပြီး၊ အစေးလှီးဧက ၁ ဒသမ ၃ သိန်းကျော် ရှိလာပြီဖြစ်သည်။ တစ်ဧကပျမ်းမျှ ၆၇၃ ပေါင်ထွက်ရှိ၍ တစ်ပြည်နယ်လုံးအထွက်ပေါင်ပေါင်း ၉၃ သန်းကျော် ထွက်ရှိပြီး ဖိနပ်လိုင်းမှိုင်းခံရော်ဘာ RSS(3) ရော်ဘာတစ်ပေါင်ဈေးနှုန်းမှာ ငွေကျပ် ၅၈၀ ဈေးရရှိပြီး၊ မှိုင်းခံရော်ဘာ RSS(5) တစ်ပေါင်ဈေးနှုန်းမှာ ငွေကျပ် ၅၀၀ ဈေးရရှိသည်။ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ပူးပေါင်း၍ ရော်ဘာအရည်အသွေး မြင့်မားစွာထုတ်လုပ်နိုင်ရန်သင်တန်းများ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ဘားအံ)**

# စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မြိုင် မတ် ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်ရန် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၈ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခိုင်မင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် ပြန်/ဆက်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ငွေအောင်က စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့သည်။

မြိုင်မြို့နယ် မြသန်းတင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးရွှေလေးက စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ပြောကြားခဲ့ပြီး မြိုင်မြို့နယ် ကြည့်ကန်အုပ်စု တောရွာကျေးရွာ တက်လူငယ်စာကြည့်တိုက်မှူး ဦးစိုးဝင်းကျော်က ဖတ်သူ၊ ဖွင့်သူ၊ နည်းယူမှု စာတမ်းဖြင့်လည်းကောင်း၊ မြိုင်ပြန်/ဆက်ဦးစီးဌာန စာထောက်-၃ ဒေါ်ဥမ္မာကျော်က စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်မှူးများ၏အခန်းကဏ္ဍစာတမ်းများကို ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာများအသင်းဥက္ကဋ္ဌ ဦးချစ်ခင်မှ ကျေးရွာစာကြည့်တိုက်များအတွက် ဂျာနယ်၊ စာစောင်အုပ် ၂၀၀ ကျော် လှူဒါန်းရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်အေးအေးနွဲ့က လက်ခံရယူသည်။

ယင်းနောက်မွန်းလွဲ ၁ နာရီတွင် တက်ရောက်လာကြသော ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်မှူးများအား အဖွဲ့ (၃) ဖွဲ့ခွဲ၍ အစုအဖွဲ့များက စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အဖွဲ့လိုက်စာတမ်းပြုစုကြခြင်း၊ ဟောပြောဆွေးနွေးခြင်း၊ အကြံဉာဏ်ပြုခြင်း၊ အသိဉာဏ်ဖလှယ်ခြင်းများကို ရင်းရင်းနှီးနှီးဆွေးနွေးကြပြီး ခရိုင်ဦးစီးအရာရှိက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့သည်။

**အောင်ကျော်မြင့်**

# ရွှေရတုမွေးနေ့ အထိမ်းအမှတ် ရှင်သာမဏေအပါးတစ်ထောင့်တစ်ရာ ရှင်ပြု၊ ရေစက်ချ အလှူတော် မှတ်တမ်းဓါတ်ပုံများ

















# ကျေးဇူးဥပကာရအထူးတင်ရှိခြင်း

၂၀.၃.၂၀၁၆ တနင်္ဂနွေနေ့တွင် ဓမ္မဒူတဇေတဝန်တောရ ဆောက်နွှာရာမကျောင်းတိုက်တွင်ကျင်းပသော
ကျွန်တော်ဒေါက်တာအောင်ကျော်ဝင်း၏ ရွှေရတုမွေးနေ့ အထိမ်းအမှတ် ရှင်သာမဏေအပါး(၁၀၀၀) ရှင်ပြု
ရေစက်ချအလှူတော်မင်္ဂလာပွဲတွင် အလှူ့ရှင်မိသားစုတို့အား သာသနာ့နုဂ္ဂဟစတုပစ္စယဒါယကာ အဖြစ်ချီးမြှင့်ပေးသော
ရွှေကျင် နိကာယဓိပတိ ဥက္ကဋ္ဌမဟာနာယက ဓမ္မသေနာပတိ ရွှေကျင်နိကာယဗဟိုဌာနဆရာတော်ဘုရားကြီး၊
ဩဝါဒတရားတော်များချီးမြှင့်ပေးသောဝိဇ္ဇောတာရုံဆရာတော်ဘုရားကြီး၊ သူဌေးတန်းဆရာတော်ဘုရားကြီး၊ စည်ရှင်ဆရာတော်ဘုရားကြီး၊
ဝိဇ္ဇာလင်္ကာရဆရာတော်ဘုရားကြီး၊ အဝေရာရာမဆရာတော်ဘုရားကြီး၊ မစိုးရိမ်တိုက်သစ်ဆရာတော်ဘုရားကြီးတို့မှ
ရေစက်ချအနုမောဒနာတရားတော်ချီးမြှင့်ပေးသောပါမောက္ခချုပ်ဆရာတော်ဘုရားကြီး၊
အလှူတော်မင်္ဂလာ တလျှောက်တွင် ဩဝါဒတရားများကို ချီးမြှင့်ခြင်း၊ ရှင်သာမဏေအပါး(၁၀၀၀)အားပဗ္ဗဇ္ဇအမွေရှင်သာမဏေပြုခြင်း၊
ရှင်သာမဏေများအားဦးဆောင်၍ ကိုယ်တော်တိုင်ကြွရောက်ပြီး တန်းဆွမ်းအလှူခံခြင်း၊ အလှူရှင်မိသားစု၊
ဝေယျာဝစ္စကုသိုလ် ဆောင်ရွက်ပေးသော ဓမ္မဒူတ မိဘ တူစုံ မောင်မယ်များ၊
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်၊ Forever Gems By ရွှေနန်းတော်၊ Jewel Collection Manufacturing Co.,Ltd ၊ United GP Development Co.,Ltd ၊
68 Residence တို့မှ ဝန်ထမ်းမိသားစုတို့အား
ဩဝါဒတရားများနှင့်တရားအမေးအဖြေချီးမြှင့်ပေးသောဓမ္မဒူတဇေတဝန်တောရ ဆောက်နွှာရာမကျောင်းတိုက်ဦးစီးပဓာနဆရာတော်ဒေါက်တာအရှင်ဆောက်နွှ၊
ရှင်သာမဏေအပါး(၁၀၀၀) ပြည့်မှီအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ
ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(၂၅)ကျောင်းမှ ဆရာတော်ကြီးများနှင့်ကျောင်းအကျိုးတော်ဆောင်များ၊
ရှင်သာမဏေအပါး(၁၀၀၀) ရှင်ပြုပွဲကြီးအတွက် အစစအရာရာကိုယ်တိုင်ကိုယ်ကျ ကြပ်မတ်ဆောင်ရွက်ပေးသော မိစင်ကြီးဒေါ်စင်မြမြ၊
အစမ်းအနားသို့လူကိုယ်တိုင်ကြွရောက်ပြီး ချီးမြှင့်ပေးသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှနာယကဘဘဦးတင်ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊
တိုင်းဒေသကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ UMFCCI မှ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊
အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှနာယကဆရာမကြီးများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊
မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စီးပွားရေးနယ်ပယ်အသီးသီးမှလုပ်ငန်းရှင်ကြီးများ၊
ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်) မှ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊
တရုတ်ကုန်သည်ကြီးများအသင်းမှဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စဥ့်အိုးတန်း စိန့်ဟုတ်ဘုရားကျောင်း ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊
ဘုန်းကြီးလမ်းရှိ ဟွမ်အမျိုးအနွယ် အသင်းမှဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်ဆေးတက္ကသိုလ်(၁)မှ ပါမောက္ခချုပ် ဒုတိယပါမောက္ခချုပ်နှင့်
ပါမောက္ခဆရာကြီး ဆရာမကြီးများ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဆရာကြီး ဆရာမကြီးများ၊
ရှင်သန်ရေးကူညီမှုအသင်းမှဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဇီဝိတဒါနသံဃာ့ဆေးရုံ၊ ဘိုးဘွားရိပ်သာ၊ မျက်မမြင်ကျောင်း၊ နားမကြားကျောင်း၊
စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ချောင်းမြီးတိုရွာမှ အလှူငွေလက်ခံပေးပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးသော ဆရာတော်ဘုရားကြီးနှင့်တကွ
သက်ဆိုင်ရာအသင်းအဖွဲ့များ၏ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထက(၁)ဒဂုံမှကျောင်းနေဘက်သူငယ်ချင်းများ၊
ဆေးတက္ကသိုလ်များမှ ကျောင်းနေဘက်သူငယ်ချင်းများ၊ MBA မှ ကျောင်းနေဘက်သူငယ်ချင်းများ၊ MBE မှဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊
လေးကျွန်းသူအဖွဲ့မှ ညီအမများ၊ ဝိသာခါအဖွဲ့မှ ညီအမများ၊ Happy Friday မှ မိတ်ဆွေများ၊ ISY မှကျောင်းသားကျောင်းသူများ၊
ဝေယျာဝစ္စကုသိုလ် ဆောင်ရွက်ပေးသော ဓမ္မဒူတဆောက်နွှာရာမကျောင်းတိုက်မှ ဆရာတော်၏ ဒါယကာ၊ ဒါယိကာမ အဖွဲ့ဝင်များ၊
ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရောဝတီတိုင်း ဓနုဖြူ၊ ဇလွန်၊ ကျိုက်လတ် မြို့နယ်တို့မှ မိတ်ဆွေများ၊ 7 Days ဂျာနယ်၊
Popular ဂျာနယ်၊ MRTV-4 ၊ Sky Net တို့မှတာဝန်ရှိပုဂ္ဂိုလ်များ၊ Social Media များဖြစ်သည့် Facebook, Viber, Skype, Whats App,
တို့မှ မွေးနေ့ဆုတောင်းပေးသော သူငယ်ချင်းမိတ်ဆွေများ၊ မွေးနေ့ပွဲကိုကိုယ်တိုင်မကြွရောက်နိုင်သော်လည်းမွေးနေ့ကိတ်များ ပန်းစည်းများ၊
လက်ဆောင်များပေးပို့သော မိတ်ဆွေသူငယ်ချင်းများ၊ ဖိတ်စာကို လှပစန့်ထည်အောင် ဒီဇိုင်းအသစ်ကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးသော
Dagon ပုံနှိပ်တိုက်မှမိသားစုဝင်များ၊ ဓါတ်ပုံ Video စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မြင့်မြတ်စေတနာပရဟိတအသင်း(မှော်ဘီ)
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်မိသားစု၏ Customer များ၊ ဝေယျာဝစ္စကုသိုလ်များကို အစမှအဆုံးတိုင်ဆောင်ရွက်ပေးသော
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်၊ Forever Gems By ရွှေနန်းတော်၊ Jewel Collection Manufacturing Co.,Ltd ၊ United GP Development Co.,Ltd ၊
68 Residence တို့မှ ဝန်ထမ်းမိသားစုများတို့နှင့် တကွကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်အားလုံးတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့်
အစမ်းအနားအစီအစဉ်တလျှောက်လုံးတွင် အဆင်မပြေမှုများ လိုအပ်ချက်များရှိပါကလည်း
မေတ္တာကိုရှေ့ထား နားလည်ခွင့်လွှတ်ပေးကြပါရန် ပန်ကြားအပ်ပါသည်။

**အလှူ့ဒါယကာ ဒေါက်တာအောင်ကျော်ဝင်း + အလှူ့ဒါယိကာမဒေါက်တာသက်သက်နိုင်**

**သမီးသက်ရတနာကျော်ဝင်း**

**ရွှေနန်းတော်စိန်ရွှေရတနာဆိုင်မိသားစု**

## ရွှေစင်တိပိဋကရေ ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၏ သက်တော်(၄၈)နှစ် ပြည့် မွေးနေ့အလှူတော်မင်္ဂလာနှင့် အတုလပါရမီရွှေစေတီ၊ အတုလမင်္ဂလာရွှေစေတီတော်များ ရွှေထီးတော်အထွဋ်တင် အလှူတော်မင်္ဂလာ မဟာအတုလဝေယံဘုံသာ "တိပိဋကရွှေပါရမီ"ကျောင်းတော် ကျောင်းလွှတ်ပူဇာအလှူတော်မင်္ဂလာ သိက္ခာထပ်၊ ရဟန်းခံ ရှင်ပြု၊ နားသအလှူတော်မင်္ဂလာ ဖိတ်ကြားလွှာ

စစ်ကိုင်းမြို့နယ်၊ မင်းကွန်းတောင်ရိုး တိပိဋကဓမ္မနာဒပရိယတ္တိစာသင်တိုက်နှင့် မန္တလေးမြို့ ရွှေစင်တိပိဋကရွှေလရောင်ကျောင်းတိုက်၊ ပြင်ဦးလွင်မြို့ အောင်ချမ်းသာအုပ်စု ဝါးဘိုးရွာ ရွှေစင်တိပိဋကဓမ္မရိပ်သာ၊ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ ရှမ်းစုရပ်ကွက် မဟာအတုလဝေယံဘုံသာ "တိပိဋကရွှေပါရမီ" ကျောင်းတော်ကြီးများ၏ ပဓာနနာယက ဆရာတော်ဖြစ်တော်မူသော **နဝမမြောက်ရွှေစင်တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၏ သက်တော်(၄၈)နှစ်ပြည့် မွေးနေ့အလှူတော်မင်္ဂလာနှင့် သိက္ခာထပ်အလှူတော်မင်္ဂလာ---**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးသင်းဖေလမ်းနေ **ရဟန်းဒါယကာကြီး ဦးထွဋ်လတ်-ရဟန်းဒါယိကာမကြီး သုဓမ္မသိင်္ဂီ ဒေါ်မြရွှေ(မိုးသောက်ရေသန့်နှင့် ပြည့်စုံချမ်းသာစီးပွားရေးလုပ်ငန်းစု)**မိသားစုတို့က သာသနာ့အာဇာနည် အရှင်မြတ်များ စဉ်ဆက်မပြတ် ပေါ်ထွက်စေရန် စိတ်ရည်သန်၍---

ရွှေစင်တိပိဋကရေ ဆရာတော်အား မင်္ဂလာဒုံမြို့နယ်၊ ရှမ်းစုရပ်ပြည်လမ်းမပေါ်၌ တည်ရှိသော **မဟာအတုလဝေယံဘုံသာ တိပိဋကရွှေပါရမီ ကျောင်းတော်ကြီး**ကို ဆောက်လုပ်၍ လှူဒါန်းကြရာ ယခုအခါ ပြီးစီးအောင်မြင်ပြီဖြစ်ပါသဖြင့် **ကျောင်းလွှတ်ပူဇာအလှူတော် မင်္ဂလာ**နှင့် **ဆွမ်းပဒေသာပင် ကျပ်သိန်း၁၅၀၀(ကျပ်သိန်းတစ်ထောင့်ငါးရာ) စိုက်ထူလှူဒါန်းခြင်း၊ အတုလပါရမီရွှေစေတီတော်၊ အတုလမင်္ဂလာရွှေစေတီတော်မြတ်တို့ကို ရွှေထီးတော်အထွဋ်တင်လှူပူဇော်ခြင်း၊ မြေးလှရတနာတို့အား ရဟန်းခံရှင်ပြု၊ နားသအလှူတော်မင်္ဂလာ** ပြုလုပ်မည်ဖြစ်ပါသဖြင့် ကျွန်တော်၊ ကျွန်မတို့နှင့် အတူတကွ ကြွရောက်ကြည်ညို ပူဇော်နိုင်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ။ **၂၄/၂၅/၂၆-၃-၂၀၁၆**ရက် ညများတွင် ဗန်းမော်ဆရာတော်ကြီး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်ကြီး၊ သီတဂူဆရာတော်ကြီးတို့မှ တရားတော်များကို ဟောကြားချီးမြှင့်ပါမည်။

**၂၆/၂၇-၃-၂၀၁၆** ရက်များတွင် **ရွှေထီးတော်အထွဋ်တင်လှူ ပူဇော်ခြင်း**နှင့် **ကျောင်းရေစက်ချ** အခမ်းအနားများ ကျင်းပပြုလုပ်ပါမည်။

**ဦးထွဋ်လတ်-သုဓမ္မသိင်္ဂီဒေါ်မြရွှေ**
**မိုးသောက်ရေသန့်၊ ပြည့်စုံချမ်းသာစီးပွားရေးလုပ်ငန်းစု**
**မိသားစု**

## သင်္ကြန်ရက် သဲအင်းဂူ(၇)ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၆ခုနှစ် ဧပြီလ ၁၀ရက်မှ ၁၈ရက်အထိ (၇)ရက်အဓိဋ္ဌာန် တရားစခန်းပွဲတွင် မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏ကမ္မဋ္ဌာန်းမှုနှင့်အညီ အဖွဲ့၏ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဇဝနတိက္ခ(မုံရွာ) အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ပါသည်။ တရားစခန်းဝင်လိုသူများ ၂၃-၃-၂၀၁၆ရက်တွင် ကြိုတင်စာရင်းသွင်းရန်နှင့် စာရင်းပေးသွင်းပြီးသူများသည် ဧပြီလ ၁၀ ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စခန်းဝင်ရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်းလှူဒါန်းလိုသူများနှင့် ဓမ္မဗိမာန်ပြုပြင်ရန်အလှူရှင်များ ဖုန်း- ၀၉-၈၆၂၃၉၉၇၊ ၀၉-၇၉၇၉၉၉၉၅၁သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တမြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့**

## အေးငြိမ်းချမ်းသာ ဂီလာနဘိုးဘွားရိပ်သာကြီးတွင် အချိန်ပြည့်တာဝန်ထမ်းဆောင်ရန်အတွက် ဆရာဝန်နှင့်သူနာပြုများ အလုပ်လျှောက်လွှာခေါ်ယူခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၂)၊ ဘောဂဝတီရပ်ကွက်ရှိ အေးငြိမ်းချမ်းသာ ဂီလာနဘိုးဘွားရိပ်သာကြီးတွင် သက်ကြီးအဘိုးအဘွားများကို ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန်အတွက် အထွေထွေရောဂါကုဆရာဝန်များနှင့် သူနာပြုများ ခန့်ထားရန် စိတ်ဝင်စားသူများ လျှောက်ထားနိုင်ပါသည်။

(၁) သူနာပြု (၃)ဦး

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်တွင် လုပ်ငန်းအတွေ့အကြုံ အသေးစိတ်နှင့်အတူ ဆရာဝန်လျှောက်လွှာတွင်

(၁) ဘွဲ့လက်မှတ်မိတ္တူ
(၂) ဆ/မ လက်မှတ်မိတ္တူ တင်ပြရပါမည်။
(၃) သူနာပြုလျှောက်လွှာနှင့်အတူ B.Sc(Nurse)/Dip (Nurse) လက်မှတ်မိတ္တူ
(၄) လုပ်သက် အနည်းဆုံး (၂)နှစ် ရှိရပါမည်။
(၅) ပရဟိတစိတ်အခြေခံနှင့် စိတ်ဝင်စားသူ ပရဟိတလုပ်ငန်းများတွင် ပါဝင်ခဲ့ဖူးသူများကို ဦးစားပေးပါမည်။
(၆) မျှော်မှန်းလစာကို လျှောက်လွှာတွင် ရေးသားဖော်ပြရန်
(၇) ခန့်ထားမည့် သူနာပြုများကို စားစရိတ်ငြိမ်း၊ အိပ်ခန်း၊ ဝတ်စုံတို့ကို ရိပ်သာကြီးမှ စီစဉ်ပေးပါမည်။
(၈) "အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်ရန်"ဟူသော အေးငြိမ်းချမ်းသာ ဂီလာနဘိုးဘွားရိပ်သာကြီး၏ ရည်ရွယ်ချက်ကို အကောင်းဆုံးထောက်ပံ့ပေးနိုင်မည့်သူဖြစ်ရပါမည်။
(၉) လျှောက်လွှာများကို အေးငြိမ်းချမ်းသာ ဂီလာနဘိုးဘွားရိပ်သာကြီး၏ ရုံးအဖွဲ့တွင် ဧပြီလ ၁၀ ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။

**ဖခင် အမည်မှန်**

ပညာရေးလေ့ကျင့်ရေးကျောင်း TTC, Grade-9(I)တွင် ပညာသင်ကြားနေသော မောင်မင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးထူးမြင့်အောင်[၁၂/ ဗတထ(နိုင်)၀၃၆၄၃၆]ဖြစ်ပါသည်။ **ဦးထူးမြင့်အောင်**

## လှိုင်မဟာစည် သင်္ကြန်တရားစခန်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ယောဂီကျောင်းလမ်း၊ လှိုင်တက္ကသိုလ်အနီးရှိ လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာသတိပဋ္ဌာန် မိဂဒါဝုန်ဝိပဿနာသင်တန်း မဟာသင်္ကြန်တရားစခန်းကြီးကို (၃၇)ကြိမ်မြောက်အဖြစ် ယခုနှစ်တွင်လည်း ၉-၄-၂၀၁၆ရက်မှ ၂၅-၄-၂၀၁၆ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျေးဇူးရှင် လှိုင်မဟာစည်ဆရာတော်ကြီးကိုယ်တိုင် အခြေခံမှစ၍ ဟောကြားသင်ပြပေးတော်မူမည်ဖြစ်ပြီး မည်သူမဆို လာရောက်၍ ဆွမ်း၊ ရေ၊ မီး၊ စရိတ်အခမဲ့ဖြင့် တရားစခန်းဝင်အားထုတ်နိုင်ကြပါသည်။ အသေးစိတ်သိလိုသူများ တရားစခန်းဝင် ယောဂီများအတွက် ဆွမ်း၊ အဖျော်ရည် စသည့် လှူဒါန်းလိုသူများသည် လှိုင်မဟာစည် ရုံးခန်းဖုန်း ၀၁-၅၂၆၁၈၂၊ ၅၁၉၇၅၀၊ ၅၂၁၁၀၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြပါသည်။ ကြိုတင်ယောဂီစာရင်းကိုလည်း လက်ခံနေပါပြီ။

**သင်တန်းဖြစ်မြောက်ရေးကော်မတီ**

## ဖိတ်ကြားခြင်း

အထက(၃)ဒဂုံ (မြို့မအမျိုးသမီးအထက်တန်းကျောင်း)၏ (စတုတ္ထအကြိမ်)မြောက် အငြိမ်းစားဆရာ/ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ရန်နှင့် အမှုဆောင်အသစ် ပြန်လည်ရွေးချယ်ဖွဲ့စည်းရန်အတွက် ဆရာမကြီးများ၏ အကြံပြုဆန္ဒအရ နှစ်အလိုက် ကိုယ်စားပြုသော ကျောင်းသူ/ကျောင်းသားဟောင်းများအားလုံး ပါဝင်နိုင်ပါကြောင်း၊ ကျန်းမာရေး စစ်ဆေးရန် ဆရာ/ဆရာမကြီးများအားလည်းကောင်း၊ စိတ်ပါဝင်စားသူများအားလည်းကောင်း အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(လိုအပ်သော အကြံပြု-ဆန္ဒများထည့်ဝင်နိုင်ပါသည်။)

နေရာ။ ။ အထက(၃)ဒဂုံ၊ မြို့မခန်းမ
အချိန်။ ။ နံနက် ၇ နာရီ
နေ့ရက်။ ။ ၂၇-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့)

**အငြိမ်းစားဆရာ/ဆရာမကြီးများစောင့်ရှောက်ရေးအဖွဲ့**
**ဖုန်း-၀၉-၅၁၀၅၉၄၉၊ ၀၉-၄၃၀၀၇၄၄၇၊ ၀၉-၅၀၀၉၁၀၂**
**၀၉-၇၃၀၅၀၀၈၂၊ ၀၉-၇၉၉၆၇၁၈၇၇**

## ရောင်းမည်/ငှားမည်

(၁) သံသုမာလမ်းမ၊ 20'×60'၊ ၂ ထပ်လုံးချင်း၊ သဃ်န်းကျွန်း၊ ရေ+မီး+ဖုန်း။
(၂) သာကေတ၊ ရွှေအုတ်ဂူ(၆)လမ်း၊ 20'×60'၊ ၁ ထပ် ပျဉ်ထောင်၊ ရေ+မီး။ Ph: 09-254190592



## ကြော်ငြာ

အတာသင်္ကြန်ကျောင်းပိတ် ရက်ရှည်မှာ "သားသား" "မီးမီး" "ဦးဦး" "ဒေါ်ဒေါ်" "ဘိုးဘွား" "မိဘ" ညီအစ်ကိုမောင်နှမသူငယ်ချင်းမိတ်ဆွေများ ပျော်ရွှင်မှုနှင့် အတွေ့အကြုံသစ်များ ရရှိခံစားစေဖို့ **Nice Fare Travel** IATA နှင့်ခရီးသွားကြစို့ ............

- မန္တလေး – ဗန်ကောက်/ပတ္တရား – မန္တလေး **(700 - USD)** (၁၀.၄.၂၀၁၆ မှ ၁၅.၄.၂၀၁၆) (၅ညအိပ် ၆ရက်)
- ရန်ကုန် – ဗန်ကောက်/ပတ္တရား – ရန်ကုန် **(650 - USD)** (၁၃.၄.၂၀၁၆ မှ ၁၈.၄.၂၀၁၆) (၅ညအိပ် ၆ရက်)
- ရန်ကုန် – ဘေဂျင်း–ရှန်ဟိုင်း–ကူမင်း–ရန်ကုန် **(1850 - USD)** (၁၁.၄.၂၀၁၆ မှ ၁၈.၄.၂၀၁၆) (၇ညအိပ် ၈ရက်)
- ရန်ကုန် – စင်ကာပူ–ရန်ကုန် **(950 - USD)** (၁၃.၄.၂၀၁၆ မှ ၁၆.၄.၂၀၁၆) (၃ညအိပ် ၄ရက်)

*(ခရီးစဉ်အားလုံး Nice ဖြစ်ရမည် ... ဈေးနှုန်းလည်း Fair ဖြစ်ရမည်။)*

**အထူးဝန်ဆောင်မှု** – ခရီးစဉ်အားလုံး စရိတ်ငြိမ်း မည်သည့် အခကြေးငွေပိုကြေးထပ်မံမကောက်ယူပါ။ **4 Star Hotel** နှင့် ပြင်ပမှ **Tour Leader** အငှားမခေါ်ပါ။ **Nice Fare Travel** မိသားစုမှ အနီးကပ် လိုလေသေးမရှိ ပြုစုစောင့်ရှောက်ပို့ဆောင်ပေးပါသည်။

ဆက်သွယ်ရန် ၀၁-၂၅၅၆၉၉၊ ၀၉-၅၁၆၅၅၃၉၊ ၀၉-၅၁၃၉၂၄၃၊ ၀၉-၉၆၀၂၅၆၀၀၀ ၀၉-၇၈၈၇၇၃၀၁၀ ၊ ၀၉-၇၇၇၇၇၂၃၅၄၊ ၀၉-၇၇၇၇၇၂၃၅၈။

## Highway Star သင်္ကြန်အထူးခရီးစဉ်များ

| | |
|---|---|
| ထားဝယ်-မောင်းမကန်-လောင်းလုံဘုတ်ကျွန်း | (5D) 210000/- |
| ပေလီ-စစ်တွေ-မြောက်ဦးယဉ်ကျေးမှုဇုန်-ဝေသာလီ | (7D) 230000/- |
| လိပ်ချိုင်-ဓါးရင်ဂျီကျွန်း | (4D) 110000/- |
| တောင်ကြီး-အင်းလေး-ကလော-ပင်းတယ-မိန်းမရဲတောင်-မြသပိတ်ရေပြာအိုင် | (5D) 180000/- |
| လွိုင်ကော်-ဒီမောဆိုး-ကယန်းရွာ-ကလော-ပင်းတယ | (6D) 200000/- |
| မြဝတီ-မဲဆောက်-ဘားအံ-ကျုံထော်ဘုရားစုံ | (6D) 180000/- |
| ကျောက်စိမ်းဘုရား-မန္တလေး-မင်းကွန်း-အင်းဝ-ပြင်ဦးလွင်-ရေပြာအိုင် | (6D) 200000/- |
| မန္တလေး-ပြင်ဦးလွင်-ရေပြာအိုင်-ဂုတ်ထိပ်တံတား-သီပေါ-လားရှိုး-ရေမှုစမ်း | (6D) 230000/- |
| ရွှေစက်တော်-ပုဂံညောင်ဦး-ပုပ္ပါး-ပခုက္ကူ | (6D) 200000/- |

DISCOUNT 9+1

5+1
March 25, 26
April 1, 2, 8, 9
ဘားအံကျုံထော်၊ ဆဒ္ဒန်ဂူဘုရားစုံ၊ မော်လမြိုင်၊ ဖြည်အတောက်တောင်

7+2

| | |
|---|---|
| ထားဝယ်-မောင်းမကန်-လောင်းလုံဘုတ်ကျွန်း | (5D) 165000/- |
| လိပ်ချိုင်-ဓါးရင်ဂျီကျွန်း | (3D) 65000/- |
| အလောင်းတော်ကဿပ-မုံရွာ | (4D) 125000/- |

March 25 အထူး Discount

09-253235411-22 / 09-253241300 / 09-795565199 Highway Star Travels & Tours

## အာရှနဂါး

Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

## MIHARA CAR RENTAL

MIHARA Road To Thailand

**မြဝတီ – မဲဆောက်** ခရီးစဉ် **အပတ်စဉ်**
(၃)ညအိပ်(၄)ရက် - ၁၂၀,၀၀၀/ကျပ်

**ပေလီကမ်းခြေ** ခရီးစဉ် **အပတ်စဉ်(၆)ဦးပြည့်တိုင်းထွက်ပါမည်**
(၃)ညအိပ်(၄)ရက် - ၁၆၀,၀၀၀/ကျပ်

မြို့တွင်း/မြို့ပြင်ခရီးစဉ်များအတွက် ကားစင်းလုံးငှားဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေပါသည်။(လူဦးရေ ၄ ယောက်မှ ၃၄ ယောက်ထိ)
Ph: 09 49218700,09 5025400,09 43124072

## Ancient Golden Angels Travels & Tours

AGA

သင်္ကြန်အဆင့်မြင့်ပြည်တွင်းအထူးခရီးစဉ်များ

- ပုဂံခရီးစဉ် (ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ)
- ထားဝယ်ခရီးစဉ် ( ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ)
- ကျွန်းခရီးစဉ် ( သူဌေးကျွန်း၊ ကြက်မောက်ကျွန်း၊ ရနောင်းကျွန်း)
- တောင်ကြီးခရီးစဉ် (တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုလ၊ ထမ့်စမ်း)
- မန္တလေးခရီးစဉ် (မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ ကျောက်စိမ်းဘုရား)
- နေပြည်တော်ခရီးစဉ် (ရေမန်းဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ နက္ခတ်တာရာပြခန်း၊ လေ့ခွင်းတောင်)
- ပြည်ခရီးစဉ် (အကောက်တောင်၊ ရွှေမျက်မှန်)
- ရခိုင်ခရီးစဉ် ( မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ)
- တောင်ငူခရီးစဉ် ( သံတောင်၊ ဖိုးကျားဆင်စခန်း)
- မော်လမြိုင်ခရီးစဉ် (မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ)
- ကမ်းခြေခရီးစဉ် (ပေလီ၊ ချောင်းသာ၊ ငွေဆောင်)

ကုမ္ပဏီအသင်းအဖွဲ့များအတွက် ခရီးစဉ်များကို စိတ်တိုင်းကျ ဆောင်ရွက်ပေးပါသည်။
Ph : 09-2586 11110, 09-252928 526, 09-7866 10515, 09-5013 709, 09-73191 484

## ရွှေချောင်းသာ

ချောင်းသာ (နေ့စဉ်)
Ph:09-26 26 26 215

## PPT Travels

မော်တင်စွန်း - 35000
(ထမင်းကျွေး/တည်းခိုခန်းခငြိမ်း)
Ph:09-252606649
09-450623655

## Fully Light Travel & Tour

(10.Apr.2016 )သင်္ကြန်ခရီးစဉ်အတွက် နေရာကျန်ရှိနေသေးသော Fully Light Travel & Tour ၏ *အထူးခရီးစဉ်များ*

- ဟောင်ကောင်-မကာအို-စိမ်းဂျိတ်-ကွမ်ဂျိုး-ကျူဟိုင် ... (၈)ရက်ခရီး {1800.USD}
- ဗီယက်နမ်-ဟိုချီမင်း-ဟနွိုင်း –ဟလောင်ဘေး–ဟနွိုင်း ...(၆)ရက်ခရီး {950.USD}
- ကိုရီးယား–ဆေဂျူး–ဘူဆန်–ဂရောင်ဂျူ–ဆိုးလ်....(၈)ရက်ခရီး {2000.USD}
- ဖျိုးဂျိုင်ကုန်း–လော့စန်း–အဲန်မေစန်း ....(၈)ရက်ခရီး {2000.USD}

* မော်လ်ဒိုက်ခရီးစဉ်

ဆက်သွယ်ရန် 09-789 8888 91 ,09-4200 77861
01-503815 ,01-516932 , 01-516964 ,01-516985
ခင်ဦးဝင်း Block-B (၈၀၁) ဘားဂရာလမ်းမ၊မြေနီကုန်း၊စမ်းချောင်း၊ရန်ကုန်

## Jue Jue Travels & Tours Co.Ltd.

သင်္ကြန် အထူး ခရီးစဉ်များ

| | | |
|---|---|---|
| အီဂျစ် + ဒူဘိုင်း | 11-18 April (၈)ရက် | USD 2999 |
| ဒူဘိုင်း | 11-15 April (၅)ရက် | USD 2025 |
| ဗန်ကောက် + ပတ္တရား + ဖူးခက် | 11-18 April (၈)ရက် | USD 1399 |
| အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း | 12-18 April (၇)ရက် | USD 1299 |

ကြယ်လေးပွင့်အဆင့်ရှိဟိုတယ်များတွင် ထားရှိသွားပါမည်။
လေယာဉ်လက်မှတ်/ဗီဇာ/အလည်အပတ်/အစားအသောက် စရိတ်ငြိမ်းခရီးစဉ်ဖြစ်ပါသဖြင့် အမြန်ဆုံးဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။
facebook - dubai2yangon တွင် ခရီးစဉ်များကိုအသေးစိတ်လေ့လာနိုင်ပါသည်။
အမှတ်(၆၉)၊(၂၆)လမ်းအောက်လမ်း၊ဒုတိယထပ်၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
01 - 253309 , 09 - 5074000 , 09 - 31288134 , 09 791711179

## ဟိန်း

01-293159
01-9000293
09-5160048
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်/နှစ်ချုပ်ကားများငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

## ကိုသန့်ဇင်

CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821

## သီတာ

အာမခံစိန်ရွှေရတနာဆိုင်

၂၀၁၆ မဟာသင်္ကြန် အထူးအစီအစဉ်
( ၁ - ၄ - ၂၀၁၆ မှ ၁၀ - ၄ - ၂၀၁၆ အထိ )

မိတ်ဟောင်း / မိတ်သစ်များအား ကျေးဇူးတုံ့ပြန်သော အနေဖြင့် သီတာ ရွှေဆိုင် (၃)ဆိုင် လုံးတွင်ကံစမ်းမဲများ ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သီတာ ရွှေဆိုင် ( ၃ ) ဆိုင်လုံးတွင် နေ့စဉ် ပိတ်ရက်မရှိ ရာသက်ပန် ဖွင့်လှစ်လျှက် ရှိပါသည်။

ဆိုင်ခွဲ (၁) - အမှတ် (၁၀၃၅) ၊ သုမင်္ဂလာလမ်းမကြီး၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ (အင်းဝမှတ်တိုင် အနီး)
ဖုန်း (၀၁) - ၂၃၃၂၄၆၄

ဆိုင်ခွဲ (၂) -အမှတ် (၉၃၀)၊ (၁)လမ်း၊ လေးထောင့်ကန်လမ်းမကြီး၊ ငမိုးရိပ်ရပ်ကွက်၊သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ (စံပြဈေးမှတ်တိုင်အနီး)
ဖုန်း (၀၁) - ၅၇၉ ၃၅၄၊ ၈၅၅၀၁၁၇

ဆိုင်ခွဲ (၃) -အမှတ် (၃၃)၊ လေးထောင့်ကန်လမ်းမကြီး၊ သဃ်ာန်းကျွန်းဈေးကြီးရှေ့ (ဆ/က) ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း (၀၁) - ၈၅၅၀ ၆၀၁

PRECIOUS
GEMS & JEWELLERY

8th Anniversary

Precious Gems & Jewellery ၏ 8th Anniversary အထူးဈေးရောင်းပွဲတော်သို့ ကြွရောက်အားပေးခဲ့ကြသည့် ဧည့်သည်တော်များနှင့် အစဉ်မပြတ် ဝယ်ယူအားပေးခဲ့ကြသည့် အထူးဧည့်သည်တော်များအား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် နှစ်သစ်တွင် မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေရန် Precious Gems & Jewellery မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။



No.29, New University Avenue Road, Bahan Township. Yangom. Tel: 546645, 73013060
Email: preciousgems.myanmar@gmail.com Email : precious.gems@mptmail.com.mm


8th
PRECIOUS
GEMS & JEWELLERY
Anniversary
Precious Gems & Jewellery ၏ 8th Anniversary အထူးဈေးရောင်းပွဲတော်သို့ ကြွရောက်အားပေးခဲ့ကြသည့် ဧည့်သည်တော်များနှင့် အစဉ်မပြတ် ဝယ်ယူအားပေးခဲ့ကြသည့် အထူးဧည့်သည်တော်များအား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် နှစ်သစ်တွင် မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေရန် Precious Gems & Jewellery မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။
No.29, New University Avenue Road, Bahan Township. Yangom. Tel: 546645, 73013060
Email: preciousgems.myanmar@gmail.com Email : precious.gems@mptmail.com.mm


NISSAN

# နှစ်ပေါင်း ၈၀ ကြာ ဆန်းသစ်တီထွင်မှု၏ အမွေအနှစ်

အကြီးဆုံးသောကားထုတ်လုပ်သူများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ၁၉၃၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ချိန်မှစ၍ နစ်ဆန်းသည် ၎င်း၏ဆန်းသစ်တီထွင်နိုင်စွမ်းနှင့် နယ်မြေသစ်များတွင် လုပ်ငန်းတည်ထောင်ရန် စိတ်အားထက်သန်မှုကို ပြသခဲ့သည်။ ရေရှည်တည်တံ့နိုင်မှု၊ အလွယ်တကူရရှိနိုင်မှု၊ မတူကွဲပြားမှုနှင့် စိတ်အားထက်သန်မှု ဟူသောစံ (၄)ရပ်ကို စွဲကိုင်ကျင့်သုံးခြင်းဖြင့်နစ်ဆန်းသည် ကမ္ဘာ့မော်တော်ကားလောကဇာတ်ခုံပေါ်တွင်အဓိကဇာတ်ဆောင်တစ်ဦးဖြစ်လာခဲ့သည်။ ယုံကြည်စိတ်ချနိုင်သော ထုတ်ကုန်များအား အများက လက်လှမ်းမီသောဈေးနှုန်းများဖြင့် ထုတ်လုပ်နိုင်ရန်မှာ နစ်ဆန်းကုမ္ပဏီ၏ မူဝါဒပင်ဖြစ်သည်။

၁၉၃၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီးနောက် နစ်ဆန်းမော်တော်ကုမ္ပဏီလီမိတက်သည် လုပ်ငန်းအား လျှင်မြန်စွာချဲ့ထွင်လာရာ ၁၉၃၄ ခုနှစ်တွင် ယိုကိုဟားမားစက်ရုံနှင့် ၁၉၄၃ ခုနှစ်တွင် ယော်ရှိ ဂါရာ စက်ရုံကိုတည်ဆောက်ပြီးစီးခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အမေရိကန်သို့ ပထမဆုံးအကြိမ်အဖြစ် လူစီး ကားများစတင်တင်ပို့ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ပြည်ပသို့မော်တော်ယာဉ်တင်ပို့မှုသည် မော်တော်ယာဉ်စီးရေ ၁သန်းသို့ ရောက်ရှိကျော်လွန်ခဲ့သည်။ ထို့နောက် မော်တော်ယာဉ်ထုတ်လုပ်တင်ပို့မှုသည် ပုံမှန်မြင့်တက် လာခဲ့ပြီး ၂၀၁၃ ခုနှစ်အရောက်တွင် မော်တော်ယာဉ်စီးရေ ၄သန်းကျော်ကို ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

လက်ရှိတွင် နစ်ဆန်းသည် နိုင်ငံပေါင်းများစွာ၌ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်မှုစက်ရုံများကို တည်ဆောက်လည်ပတ်နေပြီး ဒေသအသီးသီးတွင်၎င်းတို့၏ လိုအပ်ချက်နှင့်ကိုက်ညီမည့်ကားများကို ထုတ်လုပ်ပေးလျက်ရှိသည်။ ဂျပန်နိုင်ငံ ယိုကိုဟားမားစက်ရုံမှ ပထမဆုံးမော်တော်ယာဉ်ကို ထုတ်လုပ်ချိန်မှစ၍ နောက်ပိုင်းနှစ်များတွင် နစ်ဆန်း၏မော်တော်ယာဉ်ထုတ်လုပ်ဖြန့်ချိမှုသည် ပုံမှန်မြင့်တက်လာခဲ့ပြီး ထိုမှ နောက်ပိုင်းဆယ်စုနှစ်များတွင် ကမ္ဘာတစ်ဝန်း၌ ကားထုတ်လုပ်မှုစက်ရုံအများအပြားကို တည်ဆောက်ခဲ့သည်။




# နစ်ဆန်း၏ နှစ်ပေါင်း ၈၀ သက်တမ်းရှိ သယ်ယူပို့ဆောင်ရေးသမိုင်း

စတင်တည်ထောင်ချိန်မှ ယနေ့အချိန်ထိ နှစ်ပေါင်း ၈၀ သက်တမ်း တလျှောက် နစ်ဆန်းသည် ဆန်းသစ်တီထွင်မှုဖြင့် ကုမ္ပဏီ၏ သမိုင်းကိုတည်ဆောက်ခဲ့ပြီးတန်ဖိုးထားမှု စံ ၄ ရပ်ကို ကုမ္ပဏီ၏ အခြေခံအဖြစ် လိုက်နာကျင့်သုံးခဲ့သည်။ ပြီးခဲ့သောနှစ်ပေါင်း ၈၀ အတွင်း ဆန်းသစ်တီထွင်မှုသည် နစ်ဆန်းကုမ္ပဏီ၏ ကျောရိုးနှင့်အင်အား ဖြစ်ခဲ့သည်။ ပစ်ကပ်ကား၊ လူစီးမော်တော်ယာဉ်မှ လမ်းကြမ်းမောင်းနှင်သည့် မော်တော်ယာဉ် (SUV) အထိ ဈေးကွက်လိုအပ်ချက်ကိုဖြည့်ဆည်းရန် ထုတ်ကုန်များကို ဆန်းသစ်တီထွင်ခဲ့သည်။




TAN CHONG GROUP

တန်ချောင်ကုမ္ပဏီအား ၁၉၇၂ ခုနှစ်အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကုမ္ပဏီအုပ်စုအဖြစ် မလေးရှား၌ တည်ထောင်ခဲ့သည်။ စတင်တည်ထောင်စဉ် ၁၉၅၀ ပြည့်နှစ်ကာလများက မော်တော်ယာဉ်အသေးစားများအား ဖြန့်ဖြူးသူအဖြစ် စတင်ခဲ့သော တန်ချောင်ကုမ္ပဏီအုပ်စုသည် ယနေ့တွင် မော်တော်ယာဉ်တပ်ဆင်ခြင်းနှင့် ဈေးကွက်ရှာဖွေရောင်းချခြင်း၊ မော်တော်ယာဉ်အစိတ်အပိုင်းများထုတ်လုပ်ခြင်းတို့အပြင်အိမ်ခြံမြေ၊ယန္တရားစက်မှုလုပ်ငန်းသုံးကိရိယာများနှင့် လူသုံးကုန်ပစ္စည်းများအား ရောင်းဝယ်ခြင်းစသည့် လုပ်ငန်းပေါင်းများစွာအား ပြည်တွင်း၊ ပြည်ပတွင်လုပ်ကိုင်သည့် ကုမ္ပဏီအုပ်စုကြီးတစ်ခုအဖြစ် ရပ်တည်နေပြီဖြစ်သည်။

တန်ချောင်ကုမ္ပဏီအုပ်စုသည် မလေးရှားနိုင်ငံတွင် နစ်ဆန်းနှင့် ရေးနော့မော်တော်ယာဉ်များ၏ တစ်ဦး တည်းဖြန့်ချိသူကိုယ်စားလှယ်ပြီး နိုင်ငံတစ်ဝန်းအရောင်းပြခန်းနှင့် တရားဝင်အရောင်းကိုယ်စားလှယ်ရုံး ၁၀၀ ခုကို ဖွင့်လှစ်ထားသည်။


၂၀၀၅ ခုနှစ်မှစ၍ တန်ချောင်ကုမ္ပဏီအုပ်စုသည် နစ်ဆန်းမော်တော်ယာဉ်လုပ်ငန်းအား ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံသို့ ချဲ့ထွင်လာခဲ့သည်။ လက်ရှိတွင် တန်ချောင်ကုမ္ပဏီအုပ်စုသည် မလေးရှားတွင် မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်မှု စက်ရုံ ၂-ရုံ၊ ဗီယက်နမ်နိုင်ငံ ဒါနန်းတွင် စက်ရုံ ၁-ရုံတို့လည်ပတ်လျက်ရှိပြီး မြန်မာနိုင်ငံတွင် စက်ရုံ ၁-ရုံကိုလည်ပတ်နိုင်ရန်စီစဉ်လျက်ရှိသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် တန်ချောင်ကုမ္ပဏီအုပ်စုသည် နစ်ဆန်းမော်တော်ကုမ္ပဏီလီမိတက် နှင့် ဖြန့်ချိရေးစာချုပ်ကို ချုပ်ဆိုခဲ့ပြီး ထိုစာချုပ်အရ တန်ချောင်ကုမ္ပဏီအုပ်စုသည် မြန်မာနိုင်ငံတွင် နစ်ဆန်း ကားများကို ထုတ်လုပ်ရောင်းချရန်နှင့် အရောင်းကိုယ်စားလှယ်များကို ခန့်အပ်ရန် လုပ်ပိုင်ခွင့်ကို တစ်ဦး တည်းရရှိခဲ့ပြီးဖြစ်သည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှလည်း တန်ချောင်ကုမ္ပဏီအုပ်စုအား မြန်မာနိုင်ငံတွင် နစ်ဆန်းမော် တော်ယာဉ်များကို ထုတ်လုပ်ဖြန့်ချိရန်ခွင့်ပြုခဲ့ပြီးဖြစ်ပြီး ပဲခူးတိုင်းအတွင်းရှိစက်ရုံသည် နှစ်စဉ်ကားအစီးရေ ၁ သောင်းကို ထုတ်လုပ်နိုင်ရန် ရည်မှန်းထားသည်။



၁၉၅၇
တန်ညီအစ်ကိုများက ပူးပေါင်းတည်ထောင်ထားသည့် တန်ချောင်ကုမ္ပဏီသည် မလေးရှားနိုင်ငံတွင် ရောင်းချသည့်ပထမဆုံး ဂျပန်ကားဖြစ်သည့် နစ်ဆန်း၊ဒတ်ဆန်းမော်တော်ယာဉ်၏ မလေးရှားနိုင်ငံဆိုင်ရာတစ်ဦးတည်း ဖြန့်ချိသူအဖြစ် ခန့်အပ်ခြင်းခံရသည်။



၁၉၇၆
ဆီဂမ်ဘတ်ရှိ မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်မှုစက်ရုံ စတင်လည်ပတ်သည်။




၁၉၉၃
ဆီဂမ်ဘတ်စက်ရုံသည် ISO 9002(အရည်အသွေးစနစ်) အသိအမှတ်ပြုလက်မှတ်ရခဲ့ပြီး အရှေ့တောင်အာရှတွင် ထိုသို့အသိအမှတ်ပြုလက်မှတ်ရသည့် ပထမဆုံး မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်မှု စက်ရုံဖြစ်လာသည်။



၂၀၀၇
ဆီရန်းဒါး စက်ရုံထုတ်လုပ်မှုစတင်ခဲ့ပြီး Nissan Latio မော်ဒယ်ကို စတင်ထုတ်လုပ်ခဲ့သည်။



၂၀၁၀
တန်ချောင်ကုမ္ပဏီအုပ်စု၏ ပထမဆုံးပြည်ပမော်တော်ယာဉ် ထုတ်လုပ်တပ်ဆင်မှုစက်ရုံအား ဗီယက်နမ်နိုင်ငံ ဒါနန်းတွင် ၂၀၁၀ ခုနှစ် ဇွန်လ ၃၀ ရက်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည်။



ယနေ့
လက်ရှိအချိန်တွင်မှ တန်ချောင်ကုမ္ပဏီအုပ်စုသည် မြန်မာ၊ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားတို့သို့ လုပ်ငန်းချဲ့ထွင်ခဲ့ပြီးဖြစ်သည်။

# အရေအတွက်စွမ်းဆောင်နိုင်မှု ဟန်ချက်ညီညီ

ဆောင်းပါး
စာမျက်နှာ - ၆

## နိုင်ငံတော်အကြီးအကဲတာဝန် လွှဲပြောင်းရေးအခမ်းအနား ကျင်းပရေးနှင့် အသွင်ကူးပြောင်းမှု ချောမွေ့ရေး ပဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

စာမျက်နှာ » ၅

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် မိန့်ကြားခြင်းမပြုသော အကြောင်းအရာများအား မြန်မာသံတော်ဆင့်ဂျာနယ်မှ မှားယွင်းသတင်းဖော်ပြခြင်းနှင့်ပတ်သက်၍ မီဒီယာကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ အကြောင်းကြားထားရှိ

စာမျက်နှာ » ၈

## မန္တလေးမြို့ မင်္ဂလာဈေး မီးလောင်မှုဖြစ်ပွား

စာမျက်နှာ » ၉

## (၇၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း "အညတရမိုးကောင်းကင်" မြဝတီ Channel များမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် မတ် ၂၂**

၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် "အညတရမိုးကောင်းကင်"ဇာတ်လမ်းကို မတ် ၂၃ ရက်နှင့် မတ် ၂၅ ရက် ည ၉ နာရီခွဲတွင်လည်းကောင်း၊ မတ် ၂၆ ရက် ည မိုးလေဝသသတင်းအပြီးတွင်လည်းကောင်း MWD Channel ၊ MWD Variety Channel ၊ MWD Movies Channel နှင့် MWD Documentary Channel တို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အပူချိန်မြင့်မားမှုကို စောင့်ကြည့်မှုများပြုလုပ်၍ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်မည်

စာမျက်နှာ » ၁၁

## အဲအေးရှားမှ ရန်ကုန်-ပီနန် တိုက်ရိုက်ခရီးစဉ် ပြေးဆွဲမည်

*သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-မီချိုကိုဟန်*

**ရန်ကုန် မတ် ၂၂**

အဲအေးရှားလေကြောင်းလိုင်းမှ မတ် ၂၂ ရက်မှစတင်ကာ တစ်ပတ်လျှင် သုံးကြိမ်နှုန်းဖြင့် ရန်ကုန်-ပီနန်ခရီးစဉ်ကို စတင်ပြေးဆွဲသွားမည်ဟု ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြုလုပ်သော မိတ်ဆက်ပွဲအခမ်းအနားမှ သိရသည်။

"လွန်ခဲ့တဲ့နှစ်တွေကတည်းက ရန်ကုန်မြို့မှာ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေများပြားလာတာ တွေ့ရပါတယ်။ ဒီမြို့ကို လူတွေပိုသိစေဖို့ တစ်ဖက်တစ်လမ်းက ပါဝင်ခွင့်ရတဲ့အတွက် ကျွန်မတို့ အဲအေးရှားကကျေးဇူးတင်တယ်။ ယခုခရီးစဉ် ပိုမိုတိုးတက်ပြီး ခိုင်မာမှုဟာ ရန်ကုန်ရော ပီနန်ပါ အကျိုးကျေးဇူးတွေ ရရှိမယ်လို့ မျှော်လင့်မိပါတယ်"ဟု ပီနန်မြို့မှ AK 1509 လေယာဉ်သစ်နှင့်အတူ လိုက်ပါလာသည့် အဲအေးရှား ဘာဟတ်မှ အမှုဆောင်အရာရှိချုပ် Mrs. Aireen Omar က ပြောသည်။

အဆိုပါခရီးစဉ်အတွက် ရန်ကုန်မှ AK-1509 အမည်ရှိလေယာဉ်သည် မြန်မာစံတော်ချိန် ၁၃ နာရီ ၁၀ မိနစ်တွင် ထွက်ခွာပြီး မလေးရှားနိုင်ငံ ပီနန်မြို့သို့ ၁၇ နာရီတွင် ဆိုက်ရောက်မည်။ ပီနန်မြို့မှ AK-1508 အမည်ရှိလေယာဉ်သည်

စာမျက်နှာ ၈ ကော်လံ ၄ သို့



BJ Power ဆိုလာကုမ္ပဏီမှ တည်ဆောက်တပ်ဆင်ထားသော နေရောင်ခြည်စွမ်းအင်သုံးရေစက်ကို တွေ့ရစဉ်။



ရန်ကုန်-ပီနန်ပြေးဆွဲပေးမည့် လေယာဉ်ကို တွေ့ရစဉ်။

## ပေါင်မြို့နယ်နှင့် မုံရွာမြို့နယ်ရှိ ကျေးရွာများတွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးဆောင်ရွက်မည်

ယခုအခါ မြန်မာနိုင်ငံကျေးလက်ဒေသများ၌ လျှပ်စစ်ဓာတ်အားမရရှိသေးသော ကျေးရွာများတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ကို တစ်နိုင်တစ်ပိုင်အိမ်သုံးအဖြစ် တဖြည်းဖြည်းတွင်ကျယ်စွာ အသုံးပြုလာကြသည်။ နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဆိုသည်မှာ နေရောင်ခြည်အလင်းစွမ်းအင်မှ လျှပ်စစ်စွမ်းအင်သို့ တိုက်ရိုက်ပြောင်းလဲပေးနိုင်သော နည်းပညာဖြစ်ပြီး နေအလင်းရောင်တွင် ပါဝင်သောအလင်းမှုန်များမှ ဆိုလာပြားအတွင်းရှိ လျှပ်စစ်ဓာတ်မှုန်များကို ရိုက်ထုတ်ပြီး လျှပ်စီးကြောင်းဖြစ်ပေါ်စေသည်ဟုဆိုသည်။

မြန်မာနိုင်ငံရှိကျေးလက်ဒေသမီးရရှိရေးအတွက် KOICA ၏ ကူညီထောက်ပံ့မှုဖြင့် ကိုရီးယားနိုင်ငံ BJ Power ဆိုလာကုမ္ပဏီနှင့် Myanmar Nay Coporation Co.,Ltd. တို့ပူးပေါင်း၍ မွန်ပြည်နယ် ပေါင်မြို့နယ် ထန်းပင်ချောင်၊ ညောင်ကုန်းကြီးနှင့် မြတ်လေးချောင် ကျေးရွာသုံးရွာနှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မင်းကင်းနှင့် ကျေးတော်ဦးကျေးရွာနှစ်ရွာရှိ စေတီပုထိုး၊ စာသင်ကျောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့